မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၈၇)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ရိတ်သိမ်းချိန်တွင် အလေအလွင့်၊ အဖျင်းအမှော်ကင်းရှင်းရေး ဂရုပြု တောင်သူအချင်းချင်း လက်ဆင့်ကမ်းသည့်စနစ်ဖြင့် နည်းပညာဖြန့်ဝေ

နေပြည်တော် ဧပြီ ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဒေသခံတောင်သူများနှင့်အတူ ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း စိုက်ကွင်း၌ ပျမ်းမျှသက်တမ်း ၁၀၀ ရက်သားတွင် စပါးနှံများ အောင်မြင်ရင့်မှည့်စပြုနေသည့် စိုက်ခင်းများကို စစ်ဆေးကြည့်ရှုပြီး စပါးရိတ်သိမ်းချိန်တွင် အလေအလွင့်၊ အဖျင်းအမှော်ကင်းရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ တောင်သူများအပိုင်းမှ အရည်အသွေးကောင်းသော စပါးများပေးသွင်းနိုင်စေရေးဆောင်ရွက်ရန်၊ တောင်သူလယ်သမားများနှင့် စပါးအထူးပြုကုမ္ပဏီများအကြား ကတိကဝတ်အတိုင်း အပြန်အလှန်အကျိုးပြုဆောင်ရွက်ရန်၊ တောင်သူအချင်းချင်း လက်ဆင့်ကမ်းသည့်စနစ်ဖြင့် စိုက်နည်းစနစ် နည်းပညာဖြန့်ဝေပေးရန်တို့ကို မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်း ၂၈၈ ဧက စိုက်ကွင်း၌ ၇၀ ရက်သားသက်တမ်းတွင် ပင်ပွားများ ကောင်းစွာပွားများလျက် အောင်မြင်ဖြစ်ထွန်းနေမှု၊ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေး ပုလဲသွယ်စိုက်ခင်း၌ စပါးနှံများရင့်မှည့်ပြီး ရိတ်သိမ်းရန် အသင့်ဖြစ်နေမှု၊ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းရွာ အဆင့်မြင့်လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်း၌ ပုလဲသွယ်စပ်မျိုးစပါး လေးမျိုး၏ မျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ခင်းတွင် ၈၀ ရက်သားသက်တမ်း၌ စိုက်ကွက်အလိုက် ပင်ပွား ညီညာစွာထွက်ရှိမှု၊ အောင်နှံများ စတင်ထွက်ရှိနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ အဆင့်မြင့်လယ်ယာမြေ ၃၆၉ ဧက ပုလဲသွယ်စပ်မျိုးစပါး တစ်ကွင်းတစ်ဆက်တည်းစိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် အလှူရှင်အဖွဲ့အစည်းများ ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဧပြီ ၃

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ် Function Hall ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha နှင့် တာဝန်ရှိသူများ၊ ဦးဆောင်လမ်းညွှန်မှုပေးရေးကော်မတီဝင်များ၊ လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးကဏ္ဍမှ တာဝန်ရှိသူများနှင့် အလှူရှင် အဖွဲ့အစည်းများက ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီလလယ်ပိုင်းက ကျင်းပခဲ့သည့် Conference on Development Policy Options with Special Reference to Education and Health ၏ နောက်ဆက်တွဲလုပ်ငန်းလည်းဖြစ်ကြောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပေးရေးကော်မတီနှင့် လုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့တို့ကိုလည်း ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများကို ကဏ္ဍခွဲ ၁၂ ခုဖြင့် ဆောင်ရွက်နိုင်ရန် လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းကြစေလိုကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh M. Shrestha က အမှာစကားပြောကြားပြီး စုပေါင်း၍ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက 0 draft TOR For CESR မူကြမ်းကို ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်လာကြသူများက ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဘရွှေနှင့် ယူနီဆက်ဌာနေကိုယ်စားလှယ်တို့က နိဂုံးချုပ်အမှာစကားပြောကြားကြသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မိုးရွာသွန်းမှု ၃-၄-၂၀၁၂

နေပြည်တော်(လေဆိပ်)	၁ ဒသမ ၅၇ လက်မ
နေပြည်တော်(ရေဆင်း)	၀ ဒသမ ၇၉ လက်မ
နေပြည်တော် (ပျဉ်းမနား)	၀ ဒသမ ၄၃ လက်မ
လှိုင်ကော်မြို့	၁ ဒသမ ၂၂ လက်မ
ပြင်ဦးလွင်မြို့	၀ ဒသမ ၈၁ လက်မ
ပင်လောင်းမြို့	၀ ဒသမ ၃၉ လက်မ
နောင်ချိုမြို့	၀ ဒသမ ၃၅ လက်မ

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၄ ရက်)

ဝါသနာနှင့် အလုပ်

အလုပ်တစ်ခုကို စိတ်အားထက်သန်စွာဖြင့် အာရုံစူးစိုက်လုပ်ကိုင်ခြင်းသည် ဝါသနာအရင်းခံကြောင့်ပင်ဖြစ်၏။ ဝါသနာနှင့် လုပ်သည့်အလုပ်တစ်ခုသည် ဝါသနာမပါဘဲလုပ်သောအလုပ်ထက် ခရီးရောက် တွင်ကျယ်စေ၏။ ထူးချွန်ပြောင်မြောက်၏။ ဝါသနာနှင့်လုပ်သည့် အလုပ်သည် အကောင်းဆုံးဖြစ်၏။

ဤလောက၌ အလုပ်တစ်ခုကို ဝါသနာအရ လုပ်ကိုင်ကြသူများရှိသလို ဝါသနာမပါဘဲ လုပ်ကိုင်သူများလည်းရှိ၏။ တချို့ ဘဝပေးအခြေအနေအရ၊ တချို့ စီးပွားရေးအခြေအနေအရ အလုပ်ကို လုပ်ကိုင်နေကြ၏။ “ကျုပ်တို့က ဗျာ…၊ ဒီအလုပ်ကို ဝါသနာပါလို့ လုပ်နေတာမဟုတ်ပါဘူး။ ဘဝပေးအခြေအနေအရ လုပ်နေတာပါ၊ ဖြစ်နိုင်လျှင် လုပ်တောင်မလုပ်ချင်တော့ပါဘူး” ဟူ၍ ညည်းတွားပြောဆိုသူများ မကြာခဏ တွေ့ရ၏။ အမှန်စင်စစ် ထိုသူများသည် အလုပ်တစ်ခုကို စတင်လုပ်စဉ်က ကိုယ်ဝါသနာပါသော အလုပ်ကို ရွေးချယ်မလုပ်ခဲ့၍ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ပြီး ညည်းတွားပြောဆိုနေကြခြင်းပင်ဖြစ်သည်။

“အလုပ်အကိုင်ရွေးတဲ့အခါ ကိုယ်ဝါသနာပါတဲ့ အလုပ်အကိုင်မျိုးကို ရွေးချယ်လုပ်ဖို့ လိုပါတယ်။ အဲဒါဆိုရင် ငါအလုပ်လုပ်နေရတယ်လို့ စိတ်ပင်ပန်းခြင်း၊ ညည်းညူခြင်းမျိုး ဘယ်တော့မှ ရှိမှာမဟုတ်ဘူး” ဟူ၍ စာရေးဆရာ ဂျင်ဖောက်(စ်)ဆိုသူက ရေးသားဖူးသည်။ ဟုတ်ပေ၏။ ဝါသနာပါသည့် အလုပ်ကို လုပ်ကိုင်ရသည်မှာ ပျော်စရာပင်ကောင်း၏။ ထို့ကြောင့်ပင် အလုပ်အကိုင်တစ်ခုကို လုပ်တော့မည်ဆိုလျှင် ဦးစွာဝါသနာပါ မပါ စဉ်းစားသင့်၏။ ဝါသနာပါမှလုပ်ခြင်းသည် အကောင်းဆုံးဖြစ်၏။

ဝါသနာနှင့် အလုပ်သည် တစ်ထပ်တည်းကျရန် အရေးကြီးသကဲ့သို့ အလုပ်နှင့် ဘွဲ့ဒီဂရီတို့သည်လည်း အံဝင်ခွင်ကျဖြစ်ရန် အရေးကြီးပေသည်။ အလုပ်တစ်ခုကို ရွေးချယ်လုပ်တော့မည်ဆိုလျှင် ဝါသနာလည်းပါ၊ ရရှိထားသည့် ဘွဲ့ဒီဂရီနှင့်လည်း ကိုက်ညီမည်ဆိုပါက အကောင်းဆုံးဖြစ်ပါသည်။ ထို့ကြောင့် ညီငယ်၊ ညီမငယ်တို့ အလုပ်လုပ်ကြတော့မည်ဆိုလျှင် မိမိတို့ရရှိထားသော ဘွဲ့၊ ဝါသနာဆိုတာတွေကို အဓိကထား စဉ်းစား လုပ်ကိုင်သင့်ပါသည်။ သို့မှသာ ထူးချွန်ပြောင်မြောက်သူများ ဖြစ်လာနိုင်ပါသည်။

ဆရာဝန်ဘွဲ့ရထားသူများသည် ဆေးကုသခြင်းတို့၌ ဝါသနာပါရပါမည်။ အင်ဂျင်နီယာဘွဲ့ရများသည် ဆောက်လုပ်ခြင်းအမှုတို့၌ ဝါသနာထုံရပါမည်။ နည်းပညာဘွဲ့ရသူများသည် တီထွင်မှုအတတ်ကို လေ့ကျင့်နေသင့်ပါသည်။ ကွန်ပျူတာနှင့်ဘွဲ့ရသူများသည် အိုင်တီနှင့်ဆိုင်သောအလုပ်အကိုင်များတွင် ဝင်ရောက်လုပ်ကိုင်သင့်ပါသည်။ ယဉ်ကျေးမှုတက္ကသိုလ်ဘွဲ့ရများသည် အဆို၊ အက၊ အရေး၊ အတီးစသော အနုသုခုမပညာရပ်များကို ဝါသနာပါလေ့လာနေသင့်ပါသည်။ ရရှိထားသည့် ဘွဲ့က တစ်ဘွဲ့၊ အလုပ်ကတစ်နေရာ၊ ဝါသနာကလည်း မပါဆိုလျှင် ဘဝခရီးလမ်းတစ်လျှောက် ရေဆန်ကိုလှော်ခတ်ရသည့် လှေငယ်ပမာဖြစ်နေပေလိမ့်မည်။ ဘဝတိုးတက်မှု နှေးကွေးနိုင်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့ခေတ်လူငယ် လူရွယ်များ အလုပ်တစ်ခုလုပ်တော့မည်ဆိုလျှင် ဦးစွာဝါသနာပါ မပါ စဉ်းစားပါ။ ပြီးလျှင် ဝါသနာပါသည့်အလုပ်ကိုရှာဖွေပါ။ အလုပ်အတွက် အထောက်အကူဖြစ်စေမည့် သင်တန်းများ ကြိုတင်တက်ရောက်ထားပါ။ လေ့လာဆည်းပူးထားပါ။ ဝါသနာနှင့်အလုပ်၊ အလုပ်နှင့် ဘွဲ့ဒီဂရီတို့ တစ်ထပ်တည်းကျပြီဆိုလျှင် ဘဝတိုးတက်အောင်မြင်ဖို့သာရှိပါကြောင်း သတိမူနိုင်ကြစေရန် အကြံပြု ရေးသားလိုက်ရပါသည်။ ။

ငပုတောမြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်း

ငပုတော ဧပြီ ၃

ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ရှမ်းတောင်ကွင်း ဧရိယာ ၀ ဒသမ ၃၃ ဧကရှိမြေတွင် တောင်သူဦးဆန်းထွန်းစိုက်ပျိုးထားသည့် သီးထပ်ရင်စပါးအား မတ် ၂၆ ရက်က စံကွက်ရိတ်သိမ်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းကိုကို၊ မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးဌေးမြင့်၊ တိမွေး/ကု ဦးစီးဌာနမှူး ဦးမြင့်သန်းတို့နှင့်အတူ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးကျော်လင်းအောင်နှင့်ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ စံကွက်ရိတ်သိမ်း၍ အထွက်နှုန်းများရယူကြသည်။

စံကွက်ရိတ်သိမ်းရာတွင် သီးထပ်ရင်စပါး(ကောင်း)အမျိုးအစားမှာ တစ်ဧကေ ၉၃ ဒသမ ၂၀ တင်းထွက်ရှိကြောင်း သိရှိရသည်။ (အပေါ်ပုံ) (မြို့နယ်မြေစာရင်းဦးစီးဌာန)

ရွှေထီးတော်တင်လှူပူဇော်နိုင်ရေး ကျောက်တော်၌ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မတ် ၂၈ ရက် နံနက်ပိုင်းက ကျောက်တော်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ဘုရားရင်ပြင်၌ကျင်းပသည့် အဆိုပါ ဘုရားဂန္ဓကုဋီတိုက်သိမ်တော်အထွတ်၌ ရတနာရွှေထီးတော် အောင်မြင်စွာတင်လှူပူဇော်နိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်မှာကြားသည်။

ဆက်လက်၍ ကျောက်တော်မြို့နယ် ဇီးချောင်းရေလှောင်တမံအနီး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသည့် နွေစပါးဧက ၅၀ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မတ် ၂၉ ရက် နံနက် ၈ နာရီတွင် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မဟာပညာကျော်ခန်းမ၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း အန္တရာယ်ကင်းရှင်းရေးဌာနက ကြီးမှူးဖွင့်လှစ်သည့် ပြည်နယ်အတွင်းရှိ အခြေခံပညာဆရာ ဆရာမများအတွက် ရှေးဦးပြုစုခြင်း(နည်းပြ) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် ဖိလစ်ပိုင်သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E. Ms. Maria Hellen M. Barber အား မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသင်းနွယ်ဝင်းတို့သည် အသင်းချုပ်ရုံး၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

ရင်းနှီးစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဖိလစ်ပိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့အကြား စီးပွားရေးဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာရေးထိုးရေးကိစ္စ၊ ဖိလစ်ပိုင်စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စ၊ ဖိလစ်ပိုင်-မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စနှင့် ဖိလစ်ပိုင်-မြန်မာစီးပွားရေး လုပ်ငန်းရှင်များအကြား စီးပွားရေးဆွေးနွေးပွဲများ ကျင်းပရေးကိစ္စ၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့် ထုတ်ကုန်ပစ္စည်းများ လေ့လာရေး ကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ (ကုန်သည်/စက်မှုအသင်းချုပ်)

စာကြည့်တိုက်သစ်ဖွင့်ပွဲ ကျောက်မဲ၌ကျင်းပ

ကျောက်မဲ ဧပြီ ၃

ဓမ္မ သာမိစာကြည့်တိုက်သစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်မြို့လယ်ကျောင်းတိုက်၌ ကျင်းပရာ ဆရာတော် ဒေါက်တာဓမ္မသာမိက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အဆိုပါစာကြည့်တိုက်အတွက် ဆရာတော် ဒေါက်တာဓမ္မသာမိက အလှူငွေကျပ် ၂၇ သိန်း၊ စေတနာရှင်များက ငွေကျပ် ၅၆၀၀၀၀နှင့် စာအုပ်စာစောင်များကို စာကြည့်တိုက်ကြီးကြပ်ရေးအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းခြင်းခံတော်မူခဲ့ရသော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခ၊ အပြည်ပြည်ဆိုင်ရာ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ အသင်းကြီး (IABU) နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်အသင်းကြီး (ATBU)တို့၏ အတွင်းရေးမှူးချုပ်၊ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ် ဗုဒ္ဓဝိဟာရကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင်ဓမ္မသာမိနှင့် သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံတော်မူခဲ့ရသော သီပေါမြို့နယ် နမ့်လန်မြို့လယ်စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဉာဏောဘာသအရှင်မြတ်တို့အား ဌာနဆိုင်ရာများ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံတိုင်းရင်းသားများက ဂုဏ်ပြုပူဇော်ခဲ့ကြကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

တောင်ကြီး ဧပြီ ၃

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးတက္ကသိုလ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ဗီနိုင်းလ်ပိုစတာပြပွဲကို တက္ကသိုလ်ဘွဲ့နှင်းသဘင်ဘက်စုံခန်းမ၌ မတ် ၂၃ ရက်က ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်အေးလွင်က လမ်းအသုံးပြုသူများ သိသင့်သောအချက်များကို လည်းကောင်း၊ စစ်ဆေးရေးမှူး ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးနင်းသူများ လိုက်နာသင့်သောအချက်များကို လည်းကောင်း၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်က ယာဉ်တိုက်ခိုက်တိမ်းမှောက်မှုများအကြောင်းကိုလည်းကောင်း၊ ရဲအုပ်မြင့်အောင်က ယာဉ်တိုက်ခိုက်မှုဖြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ရဲအုပ်သန်းရွှေက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ (ပြည်နယ်ကညန)

မီးဖိုမီး
အခြားမီး
သုံးပြီးသတိ
အမြဲရှိ

မော်ကျွန်း၌ အာစရိယပူဇော်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဧပြီ ၃

မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာနမှ အငြိမ်းစားယူခဲ့ကြသော မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြဆရာ ဆရာမများအား ပထမအကြိမ်ပူဇော်ကန်တော့ပွဲအခမ်းအနားကို မတ် ၂၅ ရက် ညနေ ၅ နာရီက မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံကွင်း၌ကျင်းပရာ အငြိမ်းစား ပညာရေးမှူးများဖြစ်သော ဦးညွန့်ရွှေနှင့် ဒေါ်ကြည်ကြည်ဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အငြိမ်းစားဆရာ ဆရာမကြီး ၁၀၀တို့အား ကျောင်းသား ကျောင်းသူဟောင်းများက တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီနှင့် လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီးနောက် ကံထူးရှင်မဲပေါက်သော ဆရာကြီး ဦးအေးကြွယ်အား ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူး ဦးဌေးလှိုင်က ငွေကျပ်တစ်သိန်းကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (ဝဇ၅)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်အသင်းဝင်များ ထိုင်းနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် The Meeting of the ASEAN Youth Leadership Organization သို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင်ဒေါ်ထက်ထက်ဝင်းနှင့် ဒေါ်သဇင်ထက်ထက်တို့သည် ဧပြီ ၂ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ စည်းရုံးရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးညွှန့်နှင့် အလုပ်အမှုဆောင်ဒေါက်တာယုနွယ်ဝင်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရှိရသည်။

(ဝဲပုံ) (မြန်မာ့အလင်း)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၀/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉(ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
စစ်ကိုင်းတိုင်းဒေသကြီး				
(၁)	ဒေါ်ခင်မွေးလွင်	၅/မကန(နိုင်)၀၀၃၂၆၅	မင်းကင်း	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
တနင်္သာရီတိုင်းဒေသကြီး				
(၂)	ဒေါ်တင်တင်ရီ	၆/မအရ(နိုင်)၀၇၉၅၂၃	ကျွန်းစု	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၂၁/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
(၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက်)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း

၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲတို့က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ ယင်းပုဂ္ဂိုလ်များသည် ၎င်းတို့နှင့်ယှဉ်တွဲပါ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၏ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

စဉ်	အမည်	မှတ်ပုံတင်အမှတ်	မဲဆန္ဒနယ်	ကိုယ်စားပြုပါတီ/တစ်သီးပုဂ္ဂလ
စစ်ကိုင်းတိုင်းဒေသကြီး				
(၁)	ဒေါက်တာမြင့်နိုင်	၅/ကဘလ(နိုင်)၀၀၅၃၃၈	အမှတ်(၃)	အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂)	ဦးတင်မြ	၅/ဝသန(နိုင်)၀၁၇၂၂၉	အမှတ်(၇)	ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ရှမ်းပြည်နယ်				
(၃)	ဦးစိုင်းစံမင်း	၁၃/လရန(နိုင်)၀၀၉၈၉၅	အမှတ်(၃)	ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ

(ပုံ)တင်အေး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

MRTV-4

၄-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၄၀ **ကံပေါ်၌သဿတဒိဋ္ဌိဖြစ်ပုံ၊ဖြုတ်ပုံ** တရားတော် [အရှင်ပညာ ဓမ္မာဘိဝံသ (ညောင်ကန်ဆရာတော်)]
- ၈:၅၅ A Moment to Glow 3V Show (Part-3)
- ၁၀:၂၅ ခေတ်မီစက်ကိရိယာများနှင့် ပြည်သူများအတွက် မန္တလာမြေမှ မြို့တော်ဆေးရုံ
- ၁၁:၄၅ **နှစ်သစ်အကြို မြန်မာပြည်သိန်းတန်** Live Show(Part-9)
- ၂:၄၀ သင့်ကျန်းမာရေးစိတ်အေးဖို့ ရွှေမိုးပွင့်အေးကိုသွားကြစို့
- ၄:၄၅ MRTV-4 **မြန်မာ့ရိုးရာသကြင်္န်**
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ**(အပိုင်း-၄၂)
- ၇:၁၀ **နှစ်သစ်အကြိုမြန်မာပြည်သိန်းတန်** Live Show(Part-10)
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၀၀ Celebrity Style (ဝိုင်းစုခိုင်သိန်း)
- ၉:၂၀ The Shop Around The Corner (Part-58)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှာရာ** (အပိုင်း-၁၁၉)
- ၁၁:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ**(အပိုင်း-၂)
- ၁၂:၅၀ World of Knowledge(Ultimate Disaster; Earthquake)
- ၄:၂၀ ပတ္တမြားမြေမှ လှေလှော်ဖွယ်ရာများနှင့် တစ်မူထူးခြား ထာပွဲများ

ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား နယူးယောက် UNDP မှ ပါလီမန်ဆိုင်ရာ အထောက်အကူအကြံပေးအရာရှိနှင့်အဖွဲ့ဝင်များတွေ့ဆုံ

ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား အမေရိကန်ပြည်ထောင်စု နယူးယောက် UNDP မှပါလီမန်ဆိုင်ရာ အထောက်အကူအကြံပေးအရာရှိ Mr. Kevin Deveaux ဦးဆောင်သော အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၃

ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာအား အမေရိကန်ပြည်ထောင်စု နယူးယောက် UNDP မှ ပါလီမန်ဆိုင်ရာ အထောက်အကူ အကြံပေးအရာရှိ Mr.Kevin Deveaux ဦးဆောင်သော အဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးစိုးသာနှင့်အတူ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီအတွင်းရေးမှူး ဦးဌေးဝင်းတို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည့် မြန်မာ့နိုင်ငံရေးအခြေအနေကောင်းများအပေါ် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်မှ ပါဝင်အားဖြည့် ကူညီဆောင်ရွက်ပေးသွားနိုင်မည့် ကိစ္စရပ်များနှင့် လွှတ်တော်ဆိုင်ရာကိစ္စရပ်များအပေါ် အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

၁၃၇၃/၁၃၇၄ ခုနှစ်အတွက် မဟာသင်္ကြန်အခါတော်နှင့် (အကျ-အကြတ်-အတက်)ရက်နှင့် မြန်မာ-ရခိုင်-ဝါဆို-ဝါကပ်-လ-ရက်များ

၁။ မဟာသင်္ကြန်အကျရက်
- ဇယတု-မြန်မာသက္ကရာဇ်-၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ်၊ ၇ ရက်-သောကြာနေ့-
- ရခိုင်သက္ကရာဇ်-၁၃၇၃ ခုနှစ် ပထမတာကူးလဆုတ် ၇ ရက် သောကြာနေ့။
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၃ ရက် သောကြာနေ့- ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် ညစက် ၉-နာရီ၊ ၅၃-မိနစ်၊ ၂၆-စက္ကန့်အချိန်တွင် မဟာသင်္ကြန်အကျရက်ဖြစ်သည်။

၂။ မဟာသင်္ကြန်အကြတ်ရက်
- မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၈ ရက်- ၉ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၃ ခုနှစ် ပထမတာကူးလဆုတ် ၈ ရက်- ၉ ရက်
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၄ ရက် စနေနေ့-
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၅ ရက် တနင်္ဂနွေနေ့တို့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်သည်။

၃။ မဟာသင်္ကြန် အတက်ရက်
- မြန်မာသက္ကရာဇ် ၁၃၇၃ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၁၀ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၃ ခုနှစ် ပထမတာကူးလဆုတ် ၁၀ ရက်
- ခရစ်နှစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁၆ ရက် တနင်္လာနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြန်မာစံတော်ချိန် နံနက် စက် ၁-နာရီ၊ ၅၈-မိနစ်၊ ၇- စက္ကန့်အချိန်တွင် မဟာသင်္ကြန်အတက်ရက်ဖြစ်သည်။

၄။ မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်၊ ဦးတန်ခူးလဆုတ် ၁၁ ရက်
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ် ပထမတာကူးလဆုတ် ၁၁ ရက်
- ခရစ်နှစ် ၂၀၁၂၊ ဧပြီလ ၁၇ ရက် အင်္ဂါနေ့သည် မြန်မာ-ရခိုင်-နှစ်ဆန်း ၁ ရက်နေ့ဖြစ်ပါသည်။

၅။ ဝါဆို-ဝါကပ်-လ-ရက်များ
- မြန်မာ-၁၃၇၄ ခုနှစ်တွင် အဓိမာသ (ပုဗ္ဗာဓိမာသ) ကိန်းကြုံသောကြောင့် ဗုဒ္ဓဘာသာသာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်သူမြတ်တို့မှာ
- မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်-ဩဂုတ်လ-၃ ရက်) သောကြာနေ့
- ရခိုင်သက္ကရာဇ် ၁၃၇၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်-ဩဂုတ်လ-၃ ရက်)သောကြာနေ့တွင် ပထမပုရိမဝါ ကပ်ဆိုတော်မူကြ၍-
- မြန်မာ-ရခိုင် ၁၃၇၄ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၂၀၁၂ ခုနှစ်-စက်တင်ဘာလ - ၂ ရက် တနင်္ဂနွေနေ့တွင် ဒုတိယ ပစ္ဆိမဝါ ကပ်ဆိုတော်မူကြပါရန် ဖြစ်ပါသည်။ **(သတင်းစဉ်)**

သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် မိုးပွင့်စီမံချက် အဆင့်(၂)အရ ကွင်းဆင်းဆောင်ရွက်ခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကြည်ဝင်းက မတ် ၂၃ ရက်တွင် ကျေးရွာသူ ကျေးရွာသားများအား တစ်ဦးချင်းပေးအပ်စဉ်။(မြို့နယ်လဝက)

စက္ကူဒါန မျက်စိအလင်းရောင် လှူဒါန်းမှု ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဧပြီ ၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညာဏ်ဝင်းသည် ဧပြီ ၂ ရက်တွင် ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီး၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကျန်းမာရေး ဦးစီးဌာန၏ ပံ့ပိုးမှုတို့ဖြင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် IBTC ကုမ္ပဏီတို့က အဓိကပံ့ပိုးလှူဒါန်းသော စက္ကူဒါန မျက်စိအလင်းရောင် လှူဒါန်းနေမှုနှင့် ခွဲစိတ်မည့် လူနာများ၊ ခွဲစိတ်ပြီး လူနာများအား ကြည့်ရှုအားပေးပြီး ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည်။ ယင်းခွဲစိတ်မှုတွင် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်နှင့် ပဲခူးခရိုင်တို့မှ မျက်စိဝေဒနာရှင် ၄၈၄ ဦးတို့အား ဧပြီ ၂ ရက်မှ ၅ ရက်အထိ ပဲခူးတိုင်းဒေသကြီးရှိ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့ခွဲစိတ်ကုသပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ရခိုင်ပြည်နယ်လွှတ်တော် အထူးအစည်းအဝေး တတိယနေ့ကျင်းပ

နေပြည်တော် ဧပြီ ၃

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော်အထူးအစည်းအဝေး (၁/၂၀၁၂) တတိယနေ့ကို ဧပြီ ၂ရက် နံနက် ၁၀နာရီတွင် ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၉ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဒေသန္တရစီမံကိန်းဥပဒေ(မူကြမ်း) ပြင်ဆင်ချက်အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း၊ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေ (မူကြမ်း)နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုကို ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အစည်းအဝေးပထမနေ့က တင်သွင်းခဲ့သည့် "ရခိုင်ပြည်နယ်၏ အလံ၊ တံဆိပ်နှင့်ရိုးရာဝတ်စုံဆန်းစစ်ရေးအဖွဲ့ ဖွဲ့စည်းသင့်ကြောင်း ပြည်နယ်လွှတ်တော်သို့ တိုက်တွန်းကြောင်း" အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်းများကို ဆောင်ရွက်ကြပြီး တတိယနေ့ အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ရှေးဦးလူသားတို့ လွန်ခဲ့သည့် နှစ်တစ်သန်းခန့်ကပင် မီးကိုစတင်သုံးစွဲခဲ့ကြောင်း တွေ့ရှိ

ဝါရှင်တန် ဧပြီ ၃

ကနေဒါနိုင်ငံ တိုရွန်တိုတက္ကသိုလ်နှင့် ဟီဘရူးတက္ကသိုလ်တို့မှ သုတေသနပညာရှင်များ ဦးဆောင်သော နိုင်ငံတကာ သုတေသနအဖွဲ့တစ်ဖွဲ့သည် ရှေးဦးလူသားတို့အနေဖြင့် လွန်ခဲ့သည့် နှစ်တစ်သန်းခန့်က မီးကိုစတင်အသုံးပြုခဲ့ကြောင်း အထောက်အထားများ ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု အမေရိကန် အမျိုးသားသိပ္ပံအကယ်ဒမီမှ ဧပြီ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

စတင်အသုံးပြုခဲ့

အဆိုပါ သုတေသနအဖွဲ့သည် တောင်အာဖရိကနိုင်ငံ ဝမ်ဒါဝပ်ခ်ဂူအတွင်းရှိ ကျောက်လွှာတစ်ခုအတွင်းမှ သစ်သားပြာအချို့၊ တိရစ္ဆာန်အရိုးအချို့နှင့် ကျောက်လက်နက်အချို့တို့ကို သဲလွန်စအဖြစ်တွေ့ရှိခဲ့ရာမှ ရှေးခေတ်လူသားတို့ မီးကို စတင်အသုံးပြုနိုင်ခဲ့သည့် အချိန်ကာလကို ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

တွေ့ရှိရ

ယခင်ရှေးဟောင်းသုတေသနပညာရှင်များက ရှေးခေတ်လူသားတို့သည် လွန်ခဲ့သောနှစ် ၃၀၀၀၀၀ ခန့်က မီးကို စတင်အသုံးပြုခဲ့ကြသည်ဟု ဆိုခဲ့ကြသော်လည်း ယခုတွေ့ရှိရသော အထောက်အထားများအရ ရှေးခေတ်လူသားတို့မှာ နဂိုခန့်မှန်းထားသည်ထက် အချိန်ကာလစောစွာ လွန်ခဲ့သည့် နှစ်တစ်သန်းခန့်ကပင် မီးကိုစတင်အသုံးပြုခဲ့ကြောင်း တွေ့ရှိရသည်ဟု တိုရွန်တိုတက္ကသိုလ်မှ သုတေသနပညာရှင် မိုက်ကယ်ချာဇန်က ပြောကြားသည်။

တောင်အာဖရိကနိုင်ငံရှိ ဝမ်ဒါဝပ်ခ်ဂူသည် အလွန်ကြီးမားပြီး ရှေးခေတ်နှစ်သန်းပေါင်းများစွာကပင် ဖြစ်တည်နေခဲ့သော ရှေးဟောင်းဂူကြီးတစ်ဂူဖြစ်သည်။ လူသားတို့ အသက်ရှင်မှုဖြစ်စဉ်များကို ဤဂူကြီးအတွင်းမှ အခြားနေရာများတွင်လည်း အထောက်အထားများ ဆက်လက်ရှာဖွေသွားမည်ဟု ၎င်းက ပြောကြားသည်။ **(အင်တာနက်)**

ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ဈေးတစ်ဈေးမီးလောင် လူ ၁၂ ဦးသေဆုံး

မော်စကို ဧပြီ ၃

ရုရှားနိုင်ငံ မော်စကိုမြို့ တောင်ပိုင်းတွင်ရှိသော ဈေးတစ်ဈေးတွင် ဧပြီ ၃ ရက်နံနက်က မီးလောင်မှုဖြစ်ပွားရာ လူ ၁၂ ဦးထက်မနည်းသေဆုံးခဲ့ကြောင်း ရုရှားသတင်းဌာန အာအိုင်အေနိုဗိုစတီက သတင်းထုတ်ပြန်သည်။

လောင်ကျွမ်း

မီးလောင်မှုမှာ မော်စကိုမြို့ ကာချာယော့ဗ်စကီဈေးရှိ နှစ်ထပ်ဈေး အဆောက်အအုံတွင် ယင်းနေ့ နံနက် ၄ နာရီ မိနစ် ၅၀ က မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်မှုကြောင့် ဈေးအဆောက်အအုံမီးလောင်ကျွမ်း ပျက်စီးခဲ့ရသည်။ သေဆုံးသူများမှာ ဈေးရှိအလုပ်သမားနေအိမ်တန်းလျားတွင် နေထိုင်သူများဖြစ်ပြီး ၎င်းတို့၏ နေအိမ်တန်းလျားမှာ မီးလောင်ခံခဲ့ရသည်။

မီးလောင်ရာသို့ ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ ရောက်ရှိကာ မီးငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါ ဈေးမီးလောင်မှုနှင့်ပတ်သက်ပြီး မည်သို့မီးလောင်သည်ကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

တရုတ်တောင်ပိုင်းဒေသများ အအေးလှိုင်းကျနိုင်ကြောင်း သတိပေးထား

ပေကျင်း ဧပြီ ၃

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် လာမည့် ၂၄ နာရီအတွင်း ဆိုးရွားပြင်းထန်သော အအေးလှိုင်းကျရောက်နိုင်ဖွယ်ရှိကြောင်း တရုတ်မိုးလေဝသဌာနမှ ဧပြီ ၃ ရက်၌ သတိပေးချက်ထုတ်ပြန်ထားသည်။

အဆိုပါအအေးလှိုင်းသည် တရုတ်နိုင်ငံအနောက်တောင်ပိုင်းမှနေ၍ ရွေ့လျားလာခြင်းဖြစ်ပြီး လောလောဆယ်အချိန်တွင် ယန်စီမြစ်တောင်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ **(အောက်ပုံ)**ထို့အတူ ဂိုင်ကျိုပြည်နယ်တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများ၊ ယူနန်ပြည်နယ်တောင်ပိုင်းဒေသများတွင်လည်း မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း သတိပေးထားသည်။

တရုတ်နိုင်ငံတောင်ပိုင်းဒေသများတွင် အပူချိန် ၆ ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းနေရာ ဆီးနှင်းများထူထပ်စွာ ကျဆင်းလျက်ရှိပြီး မကြာမီ အအေးလှိုင်း ကျရောက်နိုင်မည်ဟု သတိပေးထားသည်။ အန်ဟွေးပြည်နယ် ဟီဖိုင်မြို့တွင်လည်း အပူချိန် ၁၁ ဒီဂရီဆဲလ်ဆီးရပ်စ်အထိကျဆင်းလျက်ရှိသည်။ တစ်ဖန် စင်ကျန်းနှင့် အတွင်းမွန်ဂိုလီးယားဒေသတို့တွင် သဲမုန်တိုင်းများ လာမည့် ရက်အနည်းငယ်အတွင်း တိုက်ခတ်နိုင်ကြောင်း သတိပေးထားသည်။ **(အင်တာနက်)**

ငလျင်လှုပ်ပြီး နောက်ဆက်တွဲဖြစ်ပေါ်မည့် ဆူနာမီဘေးအန္တရာယ် ဂျပန်ပါရဂူပညာရှင်အဖွဲ့ ပြန်လည်သုံးသပ်ကာ သတိပေးချက်ထုတ်ပြန်

တိုကျို ဧပြီ ၃

ပစိဖိတ်သမုဒ္ဒရာအတွင်း အင်အားပြင်း ကမ်းလွန်ငလျင်လှုပ်ခဲ့ပါက ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းခြေတစ်လျှောက်ရှိ နယ်မြေများတွင် မီတာ ၂၀ ကျော်အထိ အမြင့်ရှိမည့် ဆူနာမီရေလှိုင်းများ ရိုက်ခတ်ဖုံးလွှမ်းမှုနှင့် ကြုံတွေ့ရဖွယ်ရှိကြောင်း ဂျပန်ပညာရှင်အဖွဲ့က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

အင်အားပြင်း ကမ်းလွန်ငလျင်လှုပ်ပြီးနောက် ဖြစ်ပေါ်လာမည့် ဆူနာမီရေလှိုင်းကြီးများ၏ဘေးအန္တရာယ် အတိုင်းအဆကို ဂျပန်နိုင်ငံရှိ ပါရဂူပညာရှင်အဖွဲ့က ပြန်လည်ချိန်ဆသုံးသပ်ပြီး သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ အကယ်၍ လေဖိအားနည်း ရပ်ဝန်းဒေသအတွင်း ရစ်ချ်တာစကေး ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့လျှင် အမြင့် ၃၄ မီတာအထိရှိနိုင်သော ဆူနာမီလှိုင်းများဖြစ်ပေါ်ပြီး ဟွန်ရှူးကျွန်းမှသည် တောင်ဘက်ရှိ ကျူရှူးကျွန်းတစ်လျှောက် ထိုဆူနာမီ ရေလှိုင်းကြီးများ ရိုက်ခတ်ဖုံးလွှမ်းလာဖွယ်ရှိကြောင်း ပညာရှင်အဖွဲ့က ခန့်မှန်းခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

၂၀၀၃ ခုနှစ်အတွင်းက ငလျင်နောက်ဆက်တွဲ ဆူနာမီဖြစ်ပေါ်မှုကို ကြိုတင်ခန့်မှန်းထားချက်မှာ လှိုင်းအမြင့်မီတာ ၂၀ အောက်လျော့လျော့သာဖြစ်ပေါ်မည်ဟု ခန့်မှန်းခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ် မတ်လအတွင်းက ရင်ဆိုင်လိုက်ရသည့် အင်အားပြင်းငလျင်နှင့် နောက်ဆက်တွဲဆူနာမီဖြစ်ပေါ်မှုကြောင့် ပညာရှင်အဖွဲ့သည် ပြန်လည်သုတေသနပြုဆန်းစစ်ကာ ဆူနာမီဘေးအန္တရာယ် သုံးသပ်ချက်ကို သတိပေးထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ဖီဂျီနိုင်ငံအနောက်ပိုင်း၌ ရေလွှမ်းမှုဖြစ်ပွား ဩစတြေးလျနိုင်ငံသား ၂၀၀၀ ခန့် သောင်တင်နေ

ဆစ်ဒနီ ဧပြီ ၃

ဖီဂျီနိုင်ငံအနောက်ပိုင်းတွင် ဆိုးရွားစွာရေလွှမ်းမိုးမှုကြောင့် ဩစတြေးလျနိုင်ငံသား ၂၀၀၀ ခန့် ဖီဂျီနိုင်ငံ၌ သောင်တင်လျက်ရှိကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဘော့ကားက ဧပြီ ၂ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံသား ၂၀၀၀ ခန့်မှာ ဖီဂျီနိုင်ငံရှိ ဟိုတယ်များတွင် သောင်တင်နေကြောင်း **(ဝဲပုံ)** ဖီဂျီနိုင်ငံဆိုင်ရာ ဩစတြေးလျ ယာယီသံအမတ်ကြီးဂျူးဒစ်ရော်ဘင်ဆင်က သူ့အား အသိပေးအကြောင်းကြား ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဘော့ကားက ပြောကြားသည်။

သတ်မှတ်ကြေညာ

လူလေးဦး သေဆုံးပြီး ၅၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ထားရသည်။ ဖီဂျီနိုင်ငံအနောက်ပိုင်းရှိ ဒေသအများအပြားကို ယခုအခါ သဘာဝဘေးအန္တရာယ်နယ်မြေအဖြစ် သတ်မှတ်ကြေညာထားသည်ဆို၏။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ (၃-၄-၂၀၁၂)

➤ တင်မောင်လွင် – စုစည်းသည် ➤

ပြင်သစ်နှင့်တရုတ်သို့ တိုက်ရိုက်ကုန်တင်လေယာဉ်ပျံသန်းပြေးဆွဲ

ပြင်သစ်နိုင်ငံနှင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်ရှိ မြို့နှစ်မြို့အကြား ဧပြီ ၃ ရက်မှစပြီး တိုက်ရိုက်ကုန်တင်လေယာဉ်စတင်ပျံသန်းပြေးဆွဲသွားမှုကို ဧပြီ ၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ယင်းကုန်တင်လေယာဉ်သည် ပြင်သစ်နှင့် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ပြည်နယ်အကြား ပထမဆုံးပျံသန်းပြေးဆွဲခြင်းလည်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။ အဆိုပါကုန်တင်လေယာဉ်သည် ပြင်သစ်နိုင်ငံအနောက်ပိုင်းရှိ ပါရီဗတ်ထရီလေဆိပ်နှင့် ချန်ဒူးရှိ ရှန်လူးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့အကြား အပတ်စဉ်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ အဆိုပါလေကြောင်းပြေးဆွဲမှုကြောင့် ပြင်သစ်နိုင်ငံမှ စားသောက်ကုန်များနှင့် အခြားကုန်စည်များ တရုတ်နိုင်ငံအနောက်ပိုင်းရှိ ဈေးကွက်အတွင်းသို့ ချောမွေ့လွယ်ကူစွာ ပိုမိုဝင်ရောက်နိုင်မည်ဖြစ်ပြီး တရုတ်နိုင်ငံ၏ လေဆိပ်ဝင်ငွေမှာလည်း တိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါလေဆိပ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တူရကီနိုင်ငံတွင် ကျောက်မီးသွေးမိုင်းတွင်း ပြိုကျ

တူရကီနိုင်ငံအလယ်ပိုင်းတွင် ဧပြီ ၂ ရက်က ကျောက်မီးသွေးမိုင်းတွင်း ပြိုကျမှုကြောင့် မိုင်းလုပ်သား လေးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ၎င်းတို့၏ဝက်ဘ်ဆိုက်တွင် ဧပြီ ၃ ရက်က ဖော်ပြသည်။ အဆိုပါကျောက်မီးသွေးမိုင်းတွင်းသည် တူရကီနိုင်ငံအလယ်ပိုင်း အစကီစီဟာပြည်နယ်ရှိ မီဟာလီဆစ်ခရိုင်အတွင်း ပုဂ္ဂလိကပိုင်ကျောက်မီးသွေးမိုင်းတွင်းဖြစ်ပြီး ဧပြီ ၂ ရက် ညနေပိုင်းက ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်တွင် လေယာဉ်ပျက်ကျ

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ ရှော့ပင်းစင်တာတစ်ခုပေါ်သို့ ဧပြီ ၂ ရက် ညနေပိုင်းက လေယာဉ်တစ်စင်းပျက်ကျပြီးနောက် အနည်းဆုံးလူငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားသည်။ အဆိုပါလေယာဉ်ပေါ်တွင် လေယာဉ်မှူးတစ်ဦးနှင့် ခရီးသည်တစ်ဦးတို့ပါရှိပြီး အမေရိကန်နိုင်ငံ အော်လန်ဒိုဒေသရှိ ဆေးပေးခန်းတစ်ခုသို့ ခရီးသည်တစ်ဦးအား ပို့ဆောင်ပေးစဉ် ယင်းနေ့ ညနေ ၇ နာရီ မိနစ် ၂၀ က ဒီလန်မြို့အတွင်း ရှော့ပင်းစင်တာတစ်ခု၏ မြောက်ဘက်ဂိတ်ပေါက်၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပျက်ကျစဉ် အဆိုပါနေရာ၌ လူအချို့ရှိနေခဲ့ကြောင်း ဗိုလူစီယာစီရင်စုရှိ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။ ဒေသဆိုင်ရာမီဒီယာများ၏ ထုတ်ပြန်ချက်တစ်ရပ်၌ အဆိုပါလေယာဉ်သည် ရှော့ပင်းစင်တာအဆောက်အအုံ၏ အမိုးပေါ်သို့ပျက်ကျခဲ့ခြင်းဖြစ်ပြီး လူငါးဦးဒဏ်ရာရရှိကာ ၎င်းတို့အနက်နှစ်ဦးမှာ မီးလောင်ခံရခြင်းဖြစ်သည်ဟုဆိုသည်။

မက္ကဆီကိုနိုင်ငံတွင် အင်အားပြင်းငလျင်လှုပ်

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးတွင် ဧပြီ ၂ ရက် မွန်းလွဲ ၁ နာရီခန့်က ရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်သွားကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ ယင်းငလျင်သည် ဂွါရီယိုပြည်နယ် အိုမီတီပက်မြို့အရှေ့တောင်ဘက် ၂၇ ကီလိုမီတာအကွာ မြေအောက် ၁၂ ဒသမ ၃ ကီလိုမီတာအနက်၌ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်မြေငလျင်ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ကောင်းမြတ်သူ - စုစည်းသည်

တရုတ်မင်းသမီးလူရီဖေရဲ့ ဘဝကောက်ကြောင်း

ပေကျင်း ဧပြီ ၃

တရုတ်မင်းသမီးချော လူရီဖေဟာ ရုပ်ရှင်လောကမှာရော ဂီတလောကမှာပါ နာမည်ရနေတဲ့ အဆိုတော်သရုပ်ဆောင်တစ်ဦး ဖြစ်ပါတယ်။ သူမဟာ ဟူဘေးမြို့သူပါ။ လူရီဖေ **(ယာပုံ)** ဟာ ပြင်သစ်နိုင်ငံရောက် တရုတ်သံတမန်တစ်ဦးဖြစ်တဲ့ ရှောက်ကန်းရဲ့ တစ်ဦးတည်းသောသမီးဖြစ်ပါတယ်။ မိခင်ကတော့ အကဆရာမ လူကျောက်လီဖြစ်ပါတယ်။

လူရီဖေ အသက်ခုနစ်နှစ်အရွယ်မှာ မိဘများ လမ်းခွဲသွားတော့ မိခင်ဖြစ်သူနဲ့အတူ ဆက်လက်နေထိုင်ခဲ့ပါတယ်။ အဲဒီအသက်ခုနစ်နှစ် အရွယ်မှာပဲ သူမဟာ လူမီဇီအမည်နဲ့ မော်ဒယ်တစ်ဦးဖြစ်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူမဟာ အဆိုနဲ့အကမှာ နာမည်ကြီးတစ်ယောက် ဖြစ်လာခဲ့ပါတယ်။ သရုပ်ဆောင်လူရီဖေနဲ့ မိခင်ဖြစ်သူတို့ဟာ သူမအသက် ၁၁ နှစ်အရွယ်မှာ ပညာသင်ယူရန် နယူးယောက်မြို့သို့ ပြောင်းရွှေ့သွားခဲ့ပါတယ်။ သူမ ၂၀၀၂ ခုနှစ်မှာ တရုတ်နိုင်ငံသို့ပြန်လာချိန်မှာတော့ သူမရဲ့နာမည်ဟာ လူရီဖေအဖြစ် ပြောင်းလဲလာခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာတော့ Love of May ဇာတ်ကားနဲ့ တရုတ်ရုပ်ရှင်လောကမှာ နာမည်ကြီးတဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ရပ်တည်လာနိုင်ခဲ့ပါတယ်။ ဒီနောက်မှာတော့ The Love Winner နဲ့ The Forbidden Kingdom ဇာတ်ကားတွေမှာ ပိုပြီးအောင်မြင်ကျော်ကြားတဲ့ သရုပ်ဆောင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။ လက်ရှိသူမဟာ တရုတ်နိုင်ငံမှာ နာမည်ကြီးသရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်နေပါပြီ။ **(အင်တာနက်)**

မက်ဒေါနားရဲ့အယ်လ်ဘမ်သစ် ရောင်းအားစံချိန်တင်

လန်ဒန် ဧပြီ ၃

ကမ္ဘာကျော်အဆိုတော် မက်ဒေါနားရဲ့ တေးအယ်လ်ဘမ်အသစ်ဖြစ်တဲ့ MDNA အမည်ရှိ တေးအယ်လ်ဘမ်ဟာ ယခုတစ်ပတ်အတွင်း ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်ဖြစ်လာကြောင်း ဧပြီ ၃ ရက်က အင်တာနက်သတင်းတွေမှာ ဖော်ပြထားပါတယ်။ **(ဝဲပုံ)**

မက်ဒေါနားရဲ့ ဒီတေးအယ်လ်ဘမ်ဟာ အမေရိကန်နိုင်ငံမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့တာဖြစ်ပါတယ်။ အကယ်၍ လာမယ့်သီတင်းပတ်အတွင်း ဗြိတိန်နိုင်ငံမှာ ရောင်းအားအကောင်းဆုံး တေးအယ်လ်ဘမ်ဖြစ်ခဲ့မယ်ဆိုရင် ယခင်တုန်းက အဲလ်ဗစ်ပရက်စလေတင်ထားတဲ့ ရောင်းအားအကောင်းဆုံးစံချိန်ကို ချိုးနိုင်တယ်လို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။

MDNA အမည်ရှိတေးအယ်လ်ဘမ်ဟာ ယခုအထိ အချပ် ၃၉၀၀၀အထိ ရောင်းချခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။ အမေရိကန်နိုင်ငံမှာ တေးအယ်လ်ဘမ် အချပ်ပေါင်းသုံးသိန်းမှ သုံးသိန်းခွဲအထိရောင်းချဖို့ မက်ဒေါနားရဲ့တေးထုတ်လုပ်ရေးကုမ္ပဏီက မျှော်လင့်ထားပါတယ်။ မက်ဒေါနားရဲ့တေးအယ်လ်ဘမ်ဟာ အမေရိကန်နိုင်ငံမှာ ရှစ်ခုမြောက် နံပါတ်တစ် ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ် ဖြစ်ပါတယ်။ မက်ဒေါနားရဲ့ MDNA တေးအယ်လ်ဘမ်မတိုင်မီက ထွက်ရှိခဲ့တဲ့ Hard Candyလို့ အမည်ရတဲ့ အယ်လ်ဘမ်ဟာလည်း နံပါတ်တစ် ရောင်းအားအကောင်းဆုံးအယ်လ်ဘမ်ဖြစ်ခဲ့ပြီး စုစုပေါင်း တေးအယ်လ်ဘမ် အချပ်၂၈၀၀၀၀ ရောင်းချခဲ့ရတယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

အဆိုတော် မရင်ဒါလမ်းဘတ် ကန့်ထရီးဂီတဆုများ သိမ်းကျုံးယူ

လက်စ်ဗီးဂက်စ် ဧပြီ ၃

ကန်းထရီးတေးဂီတအကယ်ဒမီဆု (The Academy of Country Music Award)ပေးပွဲကြီးကို ဧပြီ ၁ ရက်က အမေရိကန်နိုင်ငံ လက်စ်ဗီးဂက်စ်မြို့၌ ကျင်းပရာ ကန်းထရီးအဆိုတော်များဖြစ်ကြသည့် ဘလိတ်ရှယ်လ်တန်နှင့် မရင်ဒါလမ်းဘတ်တို့ဇနီးမောင်နှံက ဆုများ အများအပြားဆွတ်ခူးရရှိသွားခဲ့ကြသည်။

အသက် ၂၂နှစ်အရွယ်ရှိ ကန်းထရီးအဆိုတော်တေလာဆွစ်က အဆိုပါ ဂီတဆုပေးပွဲတွင် Entertainment of Year ဆု ဆွတ်ခူးရရှိသွားခဲ့သည်။ အဆိုတော်တေလာဆွစ်သည် ယင်းဆုမဆွတ်ခူးမီ နှစ်ရက်က Kids Choice ဆုကို ဆွတ်ခူးရရှိခဲ့သည်။

အဆိုတော် ဘလိတ်ရှယ်လ်တန်သည် အကောင်းဆုံးအမျိုးသားအဆိုရှင် (Top Male Vocalist) ဆု ဆွတ်ခူးခဲ့သည်။ ထို့အတူ ၎င်း၏ဇနီးဖြစ်သည့် အဆိုတော် မရင်ဒါလမ်းဘတ်ကလည်း အကောင်းဆုံးအမျိုးသမီးအဆိုရှင်ဆု (Top Female Vocalist)ဆု ဆွတ်ခူးရရှိခဲ့သည်။

အဆိုတော် တေလာဆွစ်

အဆိုတော် မရင်ဒါလမ်းဘတ်သည် Four the Record တေးဘယ်လ်ဘမ်နှင့် တစ်နှစ်တာအကောင်းဆုံး အယ်လ်ဘမ်ဆု (Album of Year) ဆွတ်ခူးရရှိခဲ့သည်။ ရှယ်လ်တန်နှင့် လမ်းဘတ်တို့သည် ပြီးခဲ့သည့်နှစ်က လက်ထပ်ခဲ့ကြသူများ ဖြစ်သည်။ **(အင်တာနက်)**

အဆိုတော် မရင်ဒါလမ်းဘတ်

အဆိုတော် ဘလိတ်ရှယ်လ်တန်

မြင့်မောင်စိုး - စုစည်းသည်

လီဗာပူးစုစည်းမှုမရှိ၍ ရှုံးနိမ့် နည်းပြဒဲလ်ဂလစ်ချ် ပြောဆို

လန်ဒန် ဧပြီ ၃

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်းကိုရှုံးနိမ့်ခဲ့ရခြင်းမှာ အသင်း၏စုစည်းမှုမရှိခြင်းကြောင့်ဖြစ်ကြောင်း နည်းပြဒဲလ်ဂလစ်ချ်က ပြောကြားသည်။ **(ယာပုံ)**

လီဗာပူးနှင့် နယူးကာဆယ်တို့သည် ဧပြီ ၁ ရက် ညပိုင်းက ပရီမီယာလိဂ်ပွဲစဉ်(၃၁)အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ လီဗာပူးက နယူးကာဆယ်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။ လီဗာပူးအသင်းသည် ပြီးခဲ့သည့် ပရီမီယာလိဂ် ခုနစ်ပွဲကစားခဲ့ရာတွင် ခြောက်ပွဲရှုံးနိမ့်ခဲ့ရသည်။ ယင်းပြိုင်ပွဲတွင် လီဗာပူးဂိုးသမား ရေးနာ အနီကတ်ဖြင့် ထွက်ခဲ့ရသလို အင်ဒီကာရိုးလ်သည်လည်း အဝါကတ်ထိခဲ့သည်။

လီဗာပူးအသင်းသည် ၂၀၁၂ ခုနှစ်အတွင်း နှစ်ပွဲသာ အနိုင်ရသည်။ သို့သော် ယခုနှစ်အတွင်း လီဗာပူးတို့ ကားလင်းဖလား ဆွတ်ခူးခဲ့သလို အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအထိလည်း တက်ရောက်နိုင်ခဲ့သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ချယ်လ်ဆီးနှင့် ရီးရဲတို့ တွေ့နိုင်

လန်ဒန် ဧပြီ ၃

၂၀၀၈ ခုနှစ် ဗိုလ်လုပွဲရောက် ချယ်လ်ဆီးအသင်းသည် ဧပြီ ၅ ရက်နံနက်တွင် အိမ်ကွင်း၌ ဘင်ဖီကာအသင်းကို အနိုင်ကစားနိုင်ပါက ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်မည်ဖြစ်သည်။

ချယ်လ်ဆီးက ပေါ်တူဂီကလပ် ဘင်ဖီကာကို ပထမအကျော့တွင် အဝေးကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရထားသည်။

ချယ်လ်ဆီးအသင်းမှ တောရက်စ် ကန်သွင်းယူစဉ်။

ချယ်လ်ဆီးတို့အနေဖြင့် ပရီမီယာလိဂ်၌ ထိပ်သီးလေးသင်းစာရင်းဝင်ရန် ကြိုးစားနေရသော်လည်း ချန်ပီယံလိဂ်၌ အောင်မြင်မှုရရန် တစ်သင်းလုံး စည်းလုံးညီညွတ်စွာ ကြိုးစားကစားနေသည်ကို တွေ့ရသည်။

အခြားသော ကွာတားဖိုင်နယ်ပွဲအဖြစ် ချန်ပီယံကိုးကြိမ် ရရှိထားသော ရီးရဲမက်ဒရစ်နှင့် အေပိုးလ်တို့ ဒုတိယအကျော့ ကစားရမည်ဖြစ်သည်။

ပထမအကျော့တွင် ရီးရဲမက်ဒရစ်က ခြေအသာဖြင့် သုံးဂိုးပြတ်နိုင်ထားသည်။ သည့်အတွက် ရီးရဲမက်ဒရစ်တို့အနေဖြင့် အေပိုးလ်ကို အနိုင်ရရန် မခက်ခဲပေ။ **(အင်တာနက်)**

တိုက်စစ်မှူး အဒီဘာယောအား စပါးက အမြဲတမ်းခေါ်ယူလို

လန်ဒန် ဧပြီ ၃

စပါးတိုက်စစ်မှူး အဒီဘာယောအား အမြဲတမ်းကစားသမားအဖြစ် စာချုပ်ချုပ်ဆိုရန် ကစားဖော် ဗန်ဒါဗတ်က အသင်းသို့ တိုက်တွန်းလိုက်သည်။

အဒီဘာယော **(ယာပုံ)** သည် စပါးအသင်းက မန်စီးတီးမှ အငှားခေါ်ယူထားခြင်းဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့် ဧပြီ ၁ရက်က ဆွမ်ဆီးအသင်းနှင့် ကစားခဲ့ရာတွင် ခြေစွမ်းပြကစားပေးခဲ့သည်။ ယင်းပွဲတွင် စပါးကသုံးဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ အဒီဘာယောအား စပါးအသင်းက တစ်ရာသီအတွက်သာ အငှားစာချုပ်ထားသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် စပါးအသင်းအတွက် ၁၄ ဂိုးသွင်းယူပေးထားသည်။

အခက်တွေ့နေ

စပါးအသင်းကို ထိပ်သီးလေးသင်းဝင်ဖြစ်ရန် ကြိုးစားပေးလျက်ရှိသည့် အဒီဘာယောသည် မန်စီးတီး၌ တစ်ပတ်လုပ်ခလစာပေါင် ၁၇၀၀၀၀ အထိရရှိနေသည်။ ယင်းလုပ်ခမှာ စပါးအသင်းတွင် ဝင်ငွေအကောင်းဆုံးဘောလုံးသမားထက် အဆမတန်များပြားနေသည်။ ယင်းအတွက် စပါးက အဒီဘာယောအား ဆက်လက်ခေါ်ထားရန် အခက်တွေ့နေသည်။ **(အင်တာနက်)**

ဟူစတွန်အိုးပင်းဖလား မာဟန်းဆွတ်ခူး

ဟွန်းတားမာဟန်းအား ဖလားနှင့်အတူ တွေ့ရစဉ်။

ဟူစတွန် ဧပြီ ၃

အမေရိကန်ဂေါက်သီးကစားသမား ဟွန်းတားမာဟန်းသည် ဧပြီ ၂ ရက်က ဟူစတွန်မြို့၌ ယှဉ်ပြိုင်ကစားသည့် ဟူစတွန်အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရိုက်ချက်တစ်ချက်အသာရပြီး ဖလားဆွတ်ခူးသွားသည်။

မာဟန်းက သတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်၊ ဆွီဒင်သား ပီတာဆင်က ၁၅ ချက် အသီးသီးလျှော့ရိုက်ခဲ့ကြသည်။ မာဟန်းသည် ယင်းဖလားဆွတ်ခူးနိုင်ခဲ့၍ ကမ္ဘာ့အဆင့်(၄) တက်ရန် မျှော်လင့်ထားသည်။ ၎င်းသည် နောက်ဆုံးနေ့ပြိုင်ပွဲအစမှာပင် အခြားသော ပြိုင်ဘက်များကို တစ်ချက်အသာဖြင့် ဦးဆောင်ကစားခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၃

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၂၈ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုန်းလွင်က ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်မှုအခြေအနေများကို တင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဆွေးနွေးကြသည်။

၁၃၇၃ ခုနှစ် မန္တလေးမြို့တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် နန်းမြို့ကျုံးပတ်လည်၌ အလှပြမဏ္ဍပ်လေးခု၊ ရေကစားမဏ္ဍပ် ၃၁ ခုနှင့် မြို့တွင်းအလှပြမဏ္ဍပ်တစ်ခု စုစုပေါင်း ၃၆ ခုပါဝင်မည်ဖြစ်ပြီး ခရိုင်ကိုယ်စားပြု အလှပြယာဉ် ခုနစ်စီး ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မင်းကင်းမြို့နယ် ပသေးတိုက်နယ်ဆေးရုံဖွင့်ပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ပသေးတိုက်နယ်ဆေးရုံဖွင့်ပွဲ အခမ်းအနားကို မတ် ၂၈ ရက် နံနက် ၉ နာရီတွင် အဆိုပါတိုက်နယ်ဆေးရုံ ရှေ့၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ကျော်ကျော်နှင့် မင်းကင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းတို့က တိုက်နယ်ဆေးရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်က တိုက်နယ်ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးထံ တိုက်နယ်ဆေးရုံသစ် ဆောက်လုပ်ရေးကော်မတီဝင်တစ်ဦးက တိုက်နယ်ဆေးရုံနှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က အထက်စသာကျေးရွာ၊ အောက်စသာကျေးရွာတို့မှ ရေဘေးသင့်အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေများ၊ အင်းဒေါင်း၊ မဟူ၊ လင်းလု၊ ညောင်ကိုင်း၊ ဖက်ထုပ်ကျေးရွာများအတွက် ထောက်ပံ့ငွေများနှင့် ပသေးတိုက်နယ်ဆေးရုံအတွက် ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းအခွန်များ ဦးစီးဌာန ပဲခူးတိုင်းဒေသကြီးမှ ကြီးမှူးကျင်းပသော အခွန်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၁၂)ဆင်းပွဲကို မတ် ၂၈ ရက်က ကျင်းပရာ ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးထွန်းထွန်းအောင် သင်တန်းဆင်းအမှာစကားပြောကြားစဉ်။ (မြို့နယ်အခွန်)

✻ ကျော်ဖုံးမှ

Dark Angel ၊ Honey ၊ Sin City ၊ Into the Blue၊ Good Luck Chuck စသည့်ဇာတ်ကားများတွင်လည်း အောင်မြင်မှုရရှိခဲ့သူဖြစ်သည်။ ထို့အပြင် ကမ္ဘာ့ဆွဲဆောင်မှုအရှိဆုံး အမျိုးသမီး ၂၀ တွင်လည်း ပါဝင်သူဖြစ်သည်။ **(အင်တာနက်)**

● ကျော်ဖုံးမှ

ထိန်းကာ အမှားအယွင်းနည်းစွာ ကစားခဲ့သဖြင့် မန်ယူတို့ ဒုတိယပိုင်းပွဲချိန် ၈၁ မိနစ်ရောက်မှသာ ဗလင်စီယာက အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ပွဲချိန် ၈၆ မိနစ်၌ မန်ယူအတွက် ဒုတိယဂိုးကိုလည်း ဗလင်စီယာ၏ ပေးပို့မှုမှတစ်ဆင့် အက်ရှ်လေယန်းက သွင်းယူခဲ့သဖြင့် ပွဲအပြီး မန်ယူတို့ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိပြီး အဖိုးတန်သုံးမှတ်ပိုက်ကာ အိမ်အပြန်မျက်နှာပန်းလှခဲ့ခြင်း ဖြစ်သည်။

ပွဲအပြီး မန်ယူနည်းပြဖာဂူဆန်က "မိမိတို့အသင်းသည် ယခုနှစ် ပရီမီယာလိဂ်ဖလားရယူရေးအတွက် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ သို့သော် အမှားအယွင်းနည်းရန်လိုကြောင်း" ထုတ်ဖော်ပြောကြားခဲ့သည်။ **(အင်တာနက်)**

■ ကျော်ဖုံးမှ

နည်းပြ ကားလို့စ်အယ်ဘာတိုပရဲယားသည် ဂျာမနီနိုင်ငံတွင်ကျင်းပခဲ့သည့် ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ဘရာဇီးအသင်းကို နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ဘရာဇီးအသင်း လက်ရှိနည်းပြမာနိုမီနီဇက်မှာ ဇူလိုင်လ၌ ကျင်းပမည့် လန်ဒန်အိုလံပစ်ပွဲမတိုင်မီအထိသာ တာဝန်ယူမည်ဖြစ်ရာ ဆက်လက်တာဝန်ယူရန်လည်း တိုက်တွန်းထားသည်။ ထို့အတူ ဘရာဇီးဘောလုံးအသင်းတွင် ရော်နယ်ဒင်ဟိုအား ရွေးချယ်ထည့်သွင်းကစားရန်လည်း နည်းပြ ပရဲယားက တိုက်တွန်းလိုက်သည်။ **(အင်တာနက်)**

ဗမာ့စရိယစာမေးပွဲအတွက် အလှူငွေပေးအပ်

နေပြည်တော် ဧပြီ ၃

နေပြည်တော် ကောင်စီနယ်မြေ ၂၀၁၂ ခုနှစ် ဗမာ့စရိစာမေးပွဲအတွက် အလှူငွေပေးအပ်ပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် အထက(၁) ပျဉ်းမနား ရတနာမွန်ခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ၂၀၁၂ ခုနှစ် ဗမာ့စရိယစာမေးပွဲဖြေဆိုကြမည့် စာဖြေသံဃာ ၆၈၂ပါးတို့အတွက် နေပြည်တော်ကောင်စီမှ လှူဒါန်းသော ဆွမ်းစရိတ် အလှူငွေကျပ် ၄၄၀၇၀၀၀ကို နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးက ပေးအပ်လှူဒါန်းရာ မြို့နယ်သာသနာ့အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ထွေအုပ်)**

◆ ကျော်ဖုံးမှ

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက တာဝန်ရှိသူတွေနဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနကနေ ပူးပေါင်းပြီး ပုဂံခေတ်အနုပညာလက်ရာများနဲ့အညီ ခမ်းနားစွာနဲ့ တည်ဆောက်ထားပါတယ်။ အဓိက ကတော့ မြန်မာ့ယဉ်ကျေးမှုတွေကို ပေါ်လွင်စေချင်တယ်။ အခုဒီနှစ်မှာက အနုပညာဦးစီးဌာနရဲ့ အကူအညီနဲ့ အနုသုခုမလက်ရာတွေကို ထည့်သွင်းပြီး မဏ္ဍပ်နဖူးစီးနဲ့ နောက်ခံမှာ မြန်မာ့ရိုးရာသင်္ကြန်ကိုပေါ်လွင်အောင် အလှဆင်ထားပါတယ်။ ရောင်စုံ LED မီးဆလိုက်တွေနဲ့ ညအချိန်ဖျော်ဖြေတင်ဆက်မှုတွေမှာ အားဖြည့်သွားမှာဖြစ်ပြီး သင်္ကြန်ယိမ်းအကအဖွဲ့များ၊ တိုင်းရင်းသားရိုးရာအကအလှများအပြင် မြန်မာသံစဉ်များနှင့် ခေတ်ပေါ်တေးဂီတများကိုလည်း အများပြည်သူများ တစ်ဝကြီး ကြည့်ရှုနိုင်အောင် စီစဉ်ပေးထားပါတယ်။"

ယခုနှစ် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်ရေကစားမဏ္ဍပ်ကို အရှည်ပေ ၉၄ ပေနှင့် အကျယ်ပေ ၄၃ ပေအထိ တိုးချဲ့တည်ဆောက်ထားပြီး ယခုအခါတွင် အကြမ်းထည်တည်ဆောက်မှုများ စတင်လျက်ရှိနေပြီဖြစ်သည်။

လာမည့်သင်္ကြန်အကြိုနေ့ နံနက်၌ မြို့တော်ဝန်ရေကစားမဏ္ဍပ်ထုံးစံနှင့်အညီ ရုပ်ရှင်၊ ဂီတနှင့် သဘင်ပညာရှင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် ယိမ်းအဖွဲ့များမှ စုပေါင်းပြီး တပျော်တပါးဖွင့်လှစ်ကာ ရန်ကုန်မဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုကြမည်ဖြစ်ကြောင်း သိရှိရသည်။

❖ ကျော်ဖုံးမှ

မဏ္ဍပ်များကို မဏ္ဍပ်သေးအဖြစ် သတ်မှတ်ထားကြောင်း သိရှိရသည်။

"အခုလက်ရှိမှာတော့ ကမ္ဘာအေးဘုရားလမ်းမှာ ခြောက်နေရာ၊ ဆရာစံလမ်းမှာ သုံးနေရာ၊ စက်မှုရုံးအရှေ့မှာ သုံးနေရာ၊ တက္ကသိုလ်ရိပ်သာလမ်းမှာ သုံးနေရာ၊ ပါရမီ-လှိုင်မှာ နှစ်နေရာ၊ ပြည်လမ်းမှာ ငါးနေရာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့နဲ့ သီရိမင်္ဂလာဈေးရှေ့မှာ တစ်နေရာစီနဲ့ အလုံလမ်းမှာ သုံးနေရာ၊ ကန်တော်ကြီးပတ်လမ်းတွေမှာ နေရာ ၂၀အထိ ချထားပေးသွားပါပြီ။ စတင်ပြီးဆောက်လုပ်ဖို့အတွက် ကြီးကြပ်စစ်ဆေးမှုတွေ ပြုလုပ်နေပြီး"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းနှင့် တံတားဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

ဆက်လက်ပြီး မဏ္ဍပ်အလတ်နှင့် အငယ်စားမဏ္ဍပ်များကို လျှောက်ထားသူများ ရှိသော်လည်း ယမန်နှစ်ကထက်စာလျှင် ယနေ့အချိန်တွင် နည်းပါးလျက်ရှိနေကြောင်း သိရှိရသည်။

"မဏ္ဍပ်ငယ်နဲ့ အလတ်တွေက မြို့နယ်စည်ပင်သာယာရေးကို လျှောက်ရမှာ။ ပြီးရင်စည်ပင်ကနေပြန်ပြီး စိစစ်ခွင့်ပြုရမှာဖြစ်ပါတယ်။ မြို့နယ်အလိုက်လျှောက်ထားတဲ့အထဲမှာတော့ မြို့တွင်းခြောက်မြို့နယ်၊ အလုံ၊ မရမ်းကုန်းနဲ့ ဗဟန်းမြို့နယ်တွေမှာ အများဆုံးလျှောက်ထားကြတယ်"ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားဌာနမှ တာဝန်ရှိသူက ပြောကြားသည်။

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ ၃-၄-၂၀၁၂ ကိုလင်း-စုစည်းသည်

ခရီးသွားမှတ်တမ်းများထဲက ထင်ရှားသောဘုရားစေတီများ စာအုပ်ထုတ်ဝေ

စာရေးဆရာမြင့်သူရ၏ ခရီးသွားမှတ်တမ်းများထဲက ထင်ရှားသောဘုရားစေတီများစာအုပ်ကို ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။

ဤစာအုပ်၌ မြန်မာ့နှလုံးသားထဲက ရွှေတိဂုံစေတီတော်မြတ်ကြီး၊ တစ်ချိန်က အင်းဝကိုပြန်လည်တမ်းတမိ၊ မန္တလေးမဟာမြတ်မုနိဘုရားကြီး၊ မမေ့နိုင်စရာ ပြင်ဦးလွင်မှာ၊ ကျိုက်ထီးရိုးမှာ စဉ်းစားစရာ၊ မြတ်မော်တင်စွန်းစေတီတော်၊ ရွှေဆံတော်ကောင်းမှုတော်နှင့် တောင်ငူသမိုင်းကောက်ကြောင်း၊ ကမ္ဘာနှင့်မြန်မာတွင် တတိယအကြီးဆုံး လျောင်းတော်မူဘုရားကြီး၊ ထူးခြားထင်ရှားသည့် ကျိုက္ခမီရေလယ်ဘုရား၊ အတုမရှိကျောင်းတော်ဆိုသည်မှာ. . . အစရှိသည့် မြန်မာပြည်တစ်ဝန်း စာရေးသူရောက်ရှိခဲ့သည့် ဘုရားစေတီများအကြောင်း (ဘုရားများသမိုင်းအကျဉ်းချုပ်နှင့်တကွ) စာဖတ်သူကိုယ်တိုင်သွားရောက်ဖူးမြော်ရသလို ရေးသားထားသည်။ ယင်းစာအုပ်ကို ရန်အောင်စာပေ ဖုန်း ၀၉-၇၃၂၄၃၈၅၁ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

ပြုံးစရာလေးတစ်ခု စာအုပ်ထုတ်ဝေဖြန့်ချိ



စာရေးဆရာ ခင်စောတင့်ဘာသာပြန်ဆိုရေးသားထားသော ပြုံးစရာလေးတစ်ခုစာအုပ်ကို ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

"အပြုသဘော မဆောင်တာတွေ သိပ်ပြီးများပြားနေသည့် ကမ္ဘာကြီးတွင် ၎င်းတို့ကို ကျော်လွှားနိုင်ရေးအတွက် တစ်စုံတစ်ခုတော့ နေ့စဉ်လိုအပ်တာအမှန်ပါပဲ" ဟု စာရေးသူက ဖော်ကျူးထားသည်။ အဆိုပါစာအုပ်တွင် ဘာ့ကြောင့်ပူပင်သောကရောက်နေသလဲ၊ သင်ဘယ်လောက်အိုပြီလဲ၊ ယဉ်ကျေးသောအပြုအမူကအရေးပါသည်၊ သင့်မှာမရှိတာတွေအတွက် စိတ်ပျက်စရာမလိုပါ၊ ဖိစီးမှုသည် ကောင်းသလား ဆိုးသလား စသည့်အခန်းများ ပါဝင်လျက်ရေးသားထားသည်။

စာအုပ်ကို မျိုးဆက်သစ်စာပေ အမှတ် ၂၄၂ (တ)ထပ် မဟာဗန္ဓုလပန်းခြံလမ်း (အထက်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၂၄၅၁၇၄ မှ တန်ဖိုးငွေကျပ် ၁၃၀၀ဖြင့် ဖြန့်ချိထားကြောင်း သိရှိရသည်။

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၉) အမှတ်(၂)ထုတ်ဝေ



ပြည်ထောင်စု ရာထူးဝန်အဖွဲ့က (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၉) အမှတ်(၂) ကို ထုတ်ဝေလိုက်သည်။

အဆိုပါဂျာနယ်တွင် ဒေါက်တာမောင်မောင်၏ Looking Ahead ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ (ပြည်ထောင်စုရာထူးဝန်အဖွဲ့) ဥက္ကဋ္ဌ (ငြိမ်း) ဒေါက်တာ သန်းညွန့်၏ **ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ အနာဂတ်ခရီး၊** ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်၏ "The Role of the Union Attorney General's Office" ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၏ **အနာဂတ်တွင် နိုင်ငံတော်အတွက် အားကိုးရမည့်နိုင်ငံ့ဝန်ထမ်းများ၊** ပြည်သူ့လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၏ **စိန်ရတုထဲက (၁၂)နှစ်၊** ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာကျော်ကျော်ဌေး၏ စိန်ရတုကို ဂုဏ်ပြုပါသည်၊ အဖွဲ့ဝင်ဦးစိုးဦး၏ **မြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်မှု၊** ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးရဲတင့်၏ **ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းတာဝန်ဆောင်ရွက်မှုများ** စသည့် နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အထွေထွေကဏ္ဍများ ပါဝင်သည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇) ဝင်းသူဇာအရောင်းဆိုင်နှင့် မြို့မဈေး မြတ်ရွှေတောင်စာပေ၊ ပျဉ်းမနားတွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့၌ တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

စာအုပ်များလှူဒါန်း

မတ် ၂၆ ရက်က မော်လမြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို ကျိုက်သလွံစေတီတော် ရင်ပြင်တော်ဓမ္မာရုံ၌ကျင်းပရာ အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ- တောင်တွင်းကြီး)၊ စာရင်းစစ် ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)၊ အဖွဲ့ဝင် ဦးစိုးနိုင်(လှမိုးနိုင်)နှင့် ဦးသက်တင် (မန္တလေး FM)တို့က ခရိုင်ဦးစီးမှူး ဒေါ်လှလှဦးနှင့် မြို့နယ်ဦးစီးမှူး ဒေါ်သီတာအေးတို့ထံ စာအုပ်များ လှူဒါန်းစဉ်။ (မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီး အောင်မြင်စွာကျင်းပပြီးစီး

သတင်းဆောင်းပါး-ညီညီထွန်း
ဓာတ်ပုံ-မျိုးဆောင်ဆောင်

နေပြည်တော် ဧပြီ ၃

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကြီးကို မတ် ၉ ရက်မှ ၁၈ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမကြီး၌ ကျင်းပပေးခဲ့ရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည့် ပြပွဲကြီး တစ်ခုဖြစ်ခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် အဆိုပါပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးခဲ့ရာ ပြည်တွင်း ပြည်ပရတနာကုန်သည်များက အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြသည်။

ပြပွဲသို့ ပြည်ပရတနာကုန်သည် အဟောင်း ၁၆၈၆ ဦးနှင့် အသစ် ၂၈၆ ဦး စုစုပေါင်း ၁၉၇၂ ဦး တက်ရောက်ဝယ်ယူကြသည်ကို တွေ့ရသည်။ အလားတူ ပြည်တွင်းရတနာကုန်သည် ၃၁၉၉ ဦးတို့လည်း တက်ရောက်ဝယ်ယူခဲ့ကြသည်။ လာရောက်ဝယ်ယူကြသည့် ပြည်တွင်း ပြည်ပ ရတနာကုန်သည် စုစုပေါင်းမှာ ၅၁၇၁ဦး ဖြစ်သည်။

ရောင်းချ

ကျောက်စိမ်း ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲပေါင်း (၁၆၉၇) တွဲကို ပြသရောင်းချခဲ့ရာ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက (၁၉) တွဲ၊ ပုဂ္ဂလိက ကုမ္ပဏီများက (၆၃၁၄)တွဲနှင့် နိုင်ငံတော်နှင့် အကျိုးတူ ကျောက်စိမ်းတူးဖော်ထုတ်လုပ်လျက်ရှိသည့် ကုမ္ပဏီများက (၃၄၂၉)တွဲ စုစုပေါင်း (၉၇၆၂) တွဲ ရောင်းချခဲ့ရသည်။

အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အတွဲပေါင်း (၁၆၄၅၂) တွဲ တင်ပြခဲ့ရာတွင် အထည်ကျောက်အရိုင်း (၁၂၈၁)တွဲ၊ အသားကျောက်အရိုင်း (အေ၊ ဘီ) (၇၆၅၉)တွဲ၊ အသားကျောက်အရိုင်း (စီ၊ဒီ) (၆၆၉)တွဲ၊ ထည်လုံးစိမ်း(၁)တွဲ၊ Chromo Jade (၁၂)တွဲ၊ Petrified Wood (၂)တွဲ၊ Non Jade (၁၇)တွဲ၊ အချောထည် (လက်ကောက်၊ ပုတီး၊ လုံးချော၊ လွှာချပ်၊ ဝါရှာပြား) (၂၂)တွဲ စုစုပေါင်း (၉၆၆၃)တွဲ ရောင်းချခဲ့ရပြီး ရောင်းချရမှုရာခိုင်နှုန်းမှာ ၅၈ ဒသမ ၇၃ ရာခိုင်နှုန်း ဖြစ်သည်။

ဈေးပြိုင်စနစ်ဖြင့် အတွဲပေါင်း (၂၄၅)တွဲတင်ပြခဲ့ရာတွင် အရည်ကျောက်စိမ်းအရိုင်း (၁၀)တွဲ၊ အထည်ကျောက်စိမ်းအရိုင်း (၆၂)တွဲ၊ အသားကျောက်စိမ်းအရိုင်း(၂၇)တွဲ စုစုပေါင်း (၉၉)တွဲ ရောင်းချခဲ့ရပြီး ရောင်းချရမှုရာခိုင်နှုန်းမှာ ၄၀ ဒသမ ၄၁ ရာခိုင်နှုန်း ဖြစ်သည်။

ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲများတွင် အသားကျောက်အရိုင်း ၅၇ ဒသမ ၉၄ ရာခိုင်နှုန်း၊ အထည်ကျောက်အရိုင်း ၆၆ ဒသမ ၂၉ ရာခိုင်နှုန်း၊ အရည်ကျောက်အရိုင်း ၅၈ ဒသမ ၈၂ ရာခိုင်နှုန်းနှင့် အချောထည် ၃၅ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ရာ အထည်ကျောက်နှင့် အရည်ကျောက်များမှာ ဝယ်လိုအားရှိပြီး အသားကျောက်မှာ ဝယ်လိုအား အနည်းငယ် လျော့နည်းသည်ကို လေ့လာတွေ့ရှိရသည်။

တင်ဒါစနစ်တွင် ပြည်တွင်းရတနာကုန်သည် ၉၀တို့က အတွဲပေါင်း (၂၇၄၇) တွဲ ဝယ်ယူခဲ့ကြပြီး ပြည်ပရတနာကုန်သည် ၈၇၈ဦးတို့က အတွဲပေါင်း (၆၉၁၆)တွဲကို ဝယ်ယူခဲ့ကြသည်။ ဈေးပြိုင်စနစ်တွင်မူ ရောင်းချရသည့် အတွဲအားလုံးကို ပြည်ပရတနာကုန်သည် ၄၆ ဦးတို့က ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။ ကျောက်စိမ်းအတွဲများကို တန်ဖိုးအများဆုံးဖြင့် ဝယ်ယူသူဆုကို တရုတ်နိုင်ငံမှ Mr.Lin Zefan က ရရှိခဲ့သည်။

တင်ဒါစနစ်ဖြင့် ရောင်းချရာတွင် ယူရိုငွေတစ်သန်းကျော်ဖြင့် ရောင်းချရသည့်ကျောက်စိမ်းအတွဲပေါင်းမှာ (၃၄)တွဲရှိပြီး ဈေးပြိုင်စနစ်တွင် ကျောက်စိမ်းအတွဲ (၃၂)တွဲကို ယူရိုငွေ တစ်သန်းကျော်ဖြင့် ရောင်းချနိုင်ခဲ့သည်။

အကြိုက်တွေ့

ပြပွဲတွင် ခင်းကျင်းပြသရောင်းချပေးခဲ့သော ကျောက်စိမ်းအတွဲများအနက် အခြေခံဈေး သင့်တင့်မျှတစွာသတ်မှတ်တင်ပြထားသည့် ကျောက်စိမ်းအရိုင်းတွဲများ၊ အပြစ်အနာနည်း၍ ကျောက်သားကောင်းမွန်သည့် ကျောက်စိမ်းတွဲများ၊ တန်ဖိုးကြီး လုံးချောစေ့များထုတ်ယူနိုင်သည့် အရည်ကျောက်များနှင့် အဆင့်မြင့် အသားကြည် ဘော်လီသားများ၊ တန်ဖိုးကြီး လက်ကောက်နှင့်ရုပ်တု၊ ရုပ်ထွင်းများ ထုတ်ယူရရှိနိုင်မည့် အထည်ကျောက်နှင့် အသားကျောက်အရိုင်းတွဲများ၊ အခြေခံဈေးသင့်တင့်မျှတစွာ သတ်မှတ်တင်ပြထားသည့် အသားကျောက်လက်ကောက်၊ အသားကြည်ပုတီးစေ့နှင့် လွှာချပ်ကျောက်စိမ်း အချောထည်အတွဲများကို ကုန်သည်များအကြိုက်တွေ့ကာ အပြိုင်အဆိုင်ဝယ်ယူခဲ့ကြသည်မှာ အားရဖွယ်ရာပင် ဖြစ်သည်။

ကျောက်စိမ်းလုပ်ငန်း ကော်မတီ အတွင်းရေးမှူး ဦးဖေခင်က "ပြပွဲပြီးတဲ့အခါ ခင်းကျင်းပြသထားတဲ့ ကျောက်စိမ်းအတွဲတွေကို ပြန်လည်သိမ်းဆည်းရပါတယ်။ မရောင်းချရတဲ့အတွဲတွေကိုလည်း ပိုင်ရှင်တွေကို ပြန်လည်ထုတ်ပေးရပါတယ်။ အလားတူရောင်းချရပြီး ငွေပေးချေပြီးတဲ့ ကျောက်စိမ်းအတွဲတွေကိုလည်း လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းခရီးတို့နဲ့ တင်ပို့နိုင်ဖို့အတွက် သက်ဆိုင်ရာကိုယ်စားလှယ်တွေကို ထုတ်ပေးရပါတယ်။ ဒါတွေပြီးသွားပြန်တော့ နောက်ပြပွဲတစ်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆက်ပြီးလုပ်ရတာပေါ့ဗျာ" ဟု ပြပွဲပြီးစီးချိန်တွင် ဆက်လုပ်ရန်ရှိသည်များကို ရှင်းပြသည်။

ကျောက်မျက်ရတနာရောင်းချပွဲတွင် မိုးကုတ်ကျောက်မျက်ရတနာများဖြစ်သည့် ပတ္တမြား၊ နီလာနှင့် ရောင်စုံကျောက်များ၊ မိုင်းရှူးပတ္တမြားရိုင်းစသည့် ကျောက်မျက်ရတနာ စုစုပေါင်းအတွဲ (၂၂၇) တွဲကို အိတ်ဖွင့်တင်ဒါစနစ်နှင့် ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချပေးခဲ့ရာ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် (၁၄) တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် (၁၀) တွဲ စုစုပေါင်း အတွဲ(၂၄)တွဲ ရောင်းချပေးနိုင်ခဲ့သည်။ ပြပွဲတွင် ထိုင်း၊ တရုတ်စသည့် ပြည်ပရတနာကုန်သည်များနှင့် အပြိုင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီများ၊ လုပ်ငန်းရှင်များကလည်း အပြိုင်အဆိုင်ဈေးပေး၍ ဝယ်ယူခဲ့ကြရာ ကျောက်မျက်ရတနာများအား ဈေးနှုန်းအမြင့်ဆုံးဖြင့် ဝယ်ယူသူဆုကို ပြည်တွင်းရတနာကုမ္ပဏီတစ်ခုဖြစ်သည့် ပတ္တမြားနဂါးကုမ္ပဏီမှ ဦးမောင်မောင်နိုင်က ရရှိခဲ့သည်။ ပြပွဲတွင် တန်ဖိုးအမြင့်ဆုံးဖြင့် ရောင်းချပေးခဲ့ရသည့် ကျောက်မျက်အတွဲမှာ နိုင်ငံတော်နှင့် အကျိုးတူ ကျောက်မျက် ထုတ်လုပ်လျက်ရှိသည့် လျန်ရှန်းကုမ္ပဏီက တင်ပြရောင်းချပေးသည့် ပတ္တမြားရိုင်းဖြစ်သည်။ အလားတူ ဈေးနှုန်းအမြင့်ဆုံး ရောင်းချခဲ့ရသည့် ကျောက်မျက်အတွဲမှာလည်း ကြယ်လေးစင်းကုမ္ပဏီက တင်ပြရောင်းချသည့် ပတ္တမြားရိုင်း ဖြစ်သည်။

ပိုမိုရောင်းချ

ပုလဲရောင်းချပွဲတွင်လည်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲပေါင်း (၃၃၁) တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၃၆) တွဲ စုစုပေါင်း (၃၆၇) တွဲကို တင်ပြရောင်းချပေးခဲ့သည်။ အဆိုပါ ပုလဲရောင်းချပွဲသို့ ပြည်တွင်းပြည်ပမှ ပုလဲကုန်သည်များ အပြိုင်အဆိုင် လာရောက်ဝယ်ယူကြရာ တင်ဒါစနစ်ဖြင့် (၂၈၂) တွဲ၊ ဈေးပြိုင်စနစ်ဖြင့် (၃၂)တွဲ စုစုပေါင်း (၃၁၄) တွဲကို ကြိုက်ဈေးဖြင့် ရောင်းချပေးနိုင်ခဲ့သည်။ ရောင်းချရမှု ရာခိုင်နှုန်းမှာ ၈၆ ရာခိုင်နှုန်း ဖြစ်သည်။ ၂၀၁၁ ခုနှစ် မြန်မာ့ကျောက်မျက်ရတနာ အထူး ရောင်းချပွဲတွင် ပုလဲအတွဲပေါင်း (၂၈၈) တွဲ၊ ရာခိုင်နှုန်းအားဖြင့် ၈၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲပေါင်း (၂၁၃) တွဲ၊ ရာခိုင်နှုန်းအားဖြင့် ရာခိုင်နှုန်း ၈၀ ရောင်းချပေးနိုင်ခဲ့ရာမှ ယခုပြပွဲတွင် အရေအတွက်ရော ရာခိုင်နှုန်းပါ ပိုမိုရောင်းချပေးနိုင်ခဲ့ခြင်း ဖြစ်သည်။

ပုလဲဝယ်ယူသူဆု

ရောင်းချပွဲသို့ပြည်ပကုမ္ပဏီ ၁၆ ခု၊ ပြည်တွင်းကုမ္ပဏီ ၂၃ ခု စုစုပေါင်း ကုမ္ပဏီ ၃၉ ခုမှ ပုလဲကုန်သည်များ လာရောက်ဝယ်ယူခဲ့ကြသည်။ ပြည်ပကုမ္ပဏီများအား နိုင်ငံအလိုက်ဖော်ပြရလျှင် ဂျပန်နိုင်ငံမှ ကုမ္ပဏီခုနစ်ခု၊ ဟောင်ကောင်မှ ကုမ္ပဏီ သုံးခု၊ စင်ကာပူနိုင်ငံမှ ကုမ္ပဏီ နှစ်ခု၊ အိန္ဒိယ၊ ကိုရီးယားသမ္မတနိုင်ငံ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့မှ ကုမ္ပဏီတစ်ခုစီ တက်ရောက်ဝယ်ယူခဲ့ကြကြောင်း သိရှိရသည်။ ရောင်းချပွဲတွင် ဈေးနှုန်းအမြင့်ဆုံးနှင့် အကြိမ်အများဆုံး ပုလဲဝယ်ယူသူဆုကို ဂျပန်နိုင်ငံမှ Mr.Shrenik Jitendra Jhaveri က ရရှိခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအတွဲများကို တန်ဖိုးအများဆုံးဝယ်ယူသူများအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သကဲ့သို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲများသို့ (၂၅)နှစ်ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ တစ်ဦး၊ အနှစ် (၂၀)ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ သုံးဦး၊ (၁၅) နှစ်ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ ခုနစ်ဦးနှင့် (၁၀)နှစ်ဆက်တိုက် တက်ရောက်ဝယ်ယူခဲ့သူ ၁၀ ဦးတို့ကိုလည်း ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ရာ နောင်လာမည့် ပြပွဲများအတွက် ဖောက်သည်ကောင်းတို့ များပြားလာပေဦးတော့မည်။

ထူးကဲမြင့်မား

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ ခုနှစ်မှစတင်၍ ပြသရောင်းချပေးခဲ့ရာ တစ်နှစ်ထက်တစ်နှစ်၊ တစ်ပွဲထက်တစ်ပွဲပိုမို အောင်မြင်စွာ ပြသရောင်းချပေးနိုင်ခဲ့သည်။ ထိုထက်ပို၍ ထူးခြားသည်မှာကား ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ စတင်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နေပြည်တော်ရှိ ပုံစံထူးခြားလှပခမ်းနားလှသော မဏိရတနာ ကျောက်စိမ်းခန်းမကြီးတွင် ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ယခင်ပြပွဲများကထက် ပို၍ စည်ကားသိုက်မြိုက် အောင်မြင်စွာ ပြသရောင်းချပေးနိုင်ခဲ့ရာ နေပြည်တော်၏ ဂုဏ်ကျက်သရေကိုလည်း ထူးကဲမြင့်မားစေခဲ့ပေသည်။

ယင်းသို့ ပြပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် ပြပွဲဗဟိုကော်မတီ၏ စီစဉ်ကြီးကြပ်မှုနှင့်အတူ လုပ်ငန်းကော်မတီအသီးသီးက ကျရာဝန်တာများအား ဦးလည်မသုန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည်ကိုလည်း အားတက်ဖွယ်ရာ တွေ့မြင်ခဲ့ရပေသည်။ ယခုအခါ ပြပွဲများကို တစ်နှစ်လျှင် အနည်းဆုံး သုံးကြိမ်ကျင်းပပေးလျက်ရှိရာ နောင်မကြာမီကျင်းပမည့် ကျောက်မျက်ရတနာပြပွဲကြီးတွင်လည်း ယခင်ပြပွဲများကထက် ပို၍ အောင်မြင်စွာ၊ ပို၍စည်ကားသိုက်မြိုက်စွာ ပြသရောင်းချပေးနိုင်မည် ဖြစ်ကြောင်း ယုံကြည်မိပေသည်။ ။

ကျောက်စိမ်းတွဲများ ကြည့်ရှုစဉ်။



တန်ဖိုးအမြင့်ဆုံးရောင်းချခဲ့ရသည့် ကျောက်မျက်အတွဲ ပတ္တမြားရိုင်းအား တွေ့ရစဉ်။

ဈေးနှုန်းအမြင့်ဆုံးရောင်းချခဲ့ရသည့် ကျောက်မျက်အတွဲ ပတ္တမြားရိုင်းအား တွေ့ရစဉ်။

အောက်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် ဧပြီ ၃

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျှမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျှမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျှမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ ချောက်မြို့တွင် ၄၁ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပေးအပ်ချီးမြှင့်

မိတ္ထီလာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကျင်းပသော အသက် ၈၀ နှင့်အထက် မိဘ၊ ဘိုးဘွားများကန်တော့ခြင်းနှင့် အမျိုးသမီးများ ကျန်းမာရေးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို မတ် ၂၂ ရက်က ကန်တော်မင်္ဂလာခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်မြတ်ငွေက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအား ငွေကျပ်ငါးသိန်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အား ငွေကျပ်ငါးသိန်း အသီးသီးထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်စဉ်။ (၀၃၃)

မြန်မာ့ရုပ်မြင်သံကြား

၄-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၀၀	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၂၀	ခါသကြ်န်အဆိုအကများ
၈:၃၅	International News

ညပိုင်း

၄:၁၅	"အမျိုးနှင့်မျိုး"
၄:၄၀	ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၅၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၆:၀၀	ညနေခင်းသတင်း
၆:၁၅	မိုးလေဝသအခြေအနေ
၆:၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၈:၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ

လုပ်ငန်းတစ်ခုအောင်မြင်မှုရရှိရေး၏ အခြေခံအကျဆုံးမှာ စနစ်တကျ လေ့ကျင့်မှုဖြစ် အထက်/အောက် အသိတူမှ အလုပ်တူမည်ဖြစ်သည်ကို နားလည်သဘောပေါက်

နေပြည်တော် ဧပြီ ၃

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးအဆင့် အရာထမ်းများ စွမ်းရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၂) သင်တန်းဆင်းစာတမ်းဖတ်ပွဲကို ဧပြီ ၂ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းတာဝန်ခံ ညွှန်ကြားရေးမှူး ဦးကျော်ကျော်က မွမ်းမံသင်တန်းဖွင့်လှစ်ခဲ့မှုကို ရှင်းလင်းတင်ပြပြီး အဖွဲ့လိုက်ရေးသားပြုစုထားကြသည့် စာတမ်းများအား သင်တန်းသား ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သိရှိလိုသည်များ၊ ထပ်မံအကြံပြုချက်များဖြင့် မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းတို့က စာတမ်းတစ်ခုချင်းအလိုက် အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေးအကြံပြုကြသည်။

ရှင်းလင်းမှာကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းမှရရှိသည့် အတွေ့အကြုံ ဗဟုသုတများအပေါ် အခြေခံ၍ လက်တွေ့နယ်ပယ်တွင် လုပ်ငန်းများ တိုးတက်အောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုအောင်မြင်မှုရရှိရေး၏ အခြေခံအကျဆုံးမှာ စနစ်တကျ လေ့ကျင့်မှုဖြစ်၍ အစဉ်လေ့ကျင့်လေ့လာ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ အထက်/အောက်အသိတူမှ အလုပ်တူမည်ဖြစ်သည်ကို နားလည်သဘောပေါက်ပြီး မိမိလက်အောက်ဝန်ထမ်းများသို့လည်း လက်ဆင့်ကမ်းရှင်းလင်း ချပြကြရန်လိုကြောင်း၊ သို့မှသာ ဌာန၏ ရည်မှန်းချက်တာဝန်များကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(ယာပုံ) (သတင်းစဉ်)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ

နေပြည်တော် ဧပြီ ၃

ချင်းပြည်နယ် ၂၀၁၂ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတထံမှ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က ဖတ်ကြားကာ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးဦးက တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင် ရွှေချောင်းတံတား အမှတ်(၁) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် မတ် ၃၁ ရက် နံနက်ပိုင်းတွင် မင်းဘူး-မင်းလှလမ်းရှိ ဖလံရုံတံတား တည်ဆောက်ရေးလုပ်ငန်းများ၊ ပုသိမ်-မုံရွာလမ်းရှိ ပေပင်တံတားချဉ်းကပ်လမ်း မြေထိန်းနံရံ တည်ဆောက်နေမှုများ၊ မဲဇလီတံတားကြံ့ခိုင်မှု အခြေအနေများ၊ ပေါင်းချောင်းတံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သရှူးချောင်းတံတားသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃) တာဝန်ခံအင်ဂျင်နီယာက ရေလမ်းကြောင်းပြောင်းလဲ၍ မုံရွာဘက်ကမ်းတွင် ပေ (၈၀)အရှည် ခန်းဖွင့် ထပ်မံ တိုးချဲ့တည်ဆောက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက မိုးမကျမီ လုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားကာ မုံရွာဘက်ကမ်း ကမ်းကပ်ခုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပုသိမ်-မုံရွာလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် တံတားအမှတ် (၃/၃၂၉)ပြုပြင်နေမှု၊ ရွှေစမ်းချောင်းတံတားတည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၃၈၀/၀)အနီး၌ မိုးများ၍ တောင်ကျရေစီးဆင်းမှုကြောင့် ဘေလီသံပေါင်များ ပြုတ်ပါပျက်စီးခဲ့သော ရေပြာတံတားအား ယာယီသစ်သားတံတားထိုးထားမှုနှင့် မော်တော်ယာဉ်များဖြတ်သန်းသွားလာနေမှု၊ ငွေချောင်းတံတားပြန်လည်ပြုပြင်နေမှု၊ တောင်ယမားချောင်း(ဝက်ခုတ်)တံတား ပြင်ဆင်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပခုက္ကူမြို့ မြို့ရှောင်လမ်းဖောက်လုပ်ထားမှုနှင့် ရွှေချောင်းတံတားအမှတ်(၂) တည်ဆောက်မည့်နေရာတို့ကိုလည်းကောင်း၊ ရွှေချောင်းတံတားအမှတ်(၁) တည်ဆောက်ရေးလုပ်ငန်းခွင်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မိုးမကျမီ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ငန်းများပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသေးစားရေအားလျှပ်စစ် ဖလမ်းမြို့နယ်၌ဖွင့်

နေပြည်တော် ဧပြီ ၃

ချင်းပြည်နယ် ဖလမ်းမြို့နယ် မန်ခဲန်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး အသေးစား ရေအားလျှပ်စစ်ဖွင့်ပွဲကို မတ် ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ချင်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းဦးက ရေအားလျှပ်စစ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်က အထိမ်းအမှတ်ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ **(သတင်းစဉ်)**

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိပ်ဇောပိုက် ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗွီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများ၊ မှတ်ပုံမတင်ရသေးသော ယာဉ်များနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) **ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။**

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာသောက်စားထားခြင်းရှိ/မရှိ အရက်မူးတိုင်းကိရိယာ(ALCOHOL TESTER) ဖြင့် တိုင်းတာစစ်ဆေး၍ ချိုးဖောက်ပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ၊ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA, RED LIGHT RUNNING CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်း၌ သင်္ကြန်အထူးရထားများ အစုန်/အဆန်ပြေးဆွဲမည့် အစီအစဉ် ကြိုတင်အသိပေးကြေညာ

နေပြည်တော် ဧပြီ ၃

မြန်မာ့မီးရထားမှ သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် နေပြည်တော်-ရန်ကုန်လမ်းပိုင်းနှင့်ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် သင်္ကြန်အထူးရထားများ ပြေးဆွဲပေးမည်ဖြစ်သည်။

ဧပြီ ၅ ရက်တွင် သင်္ကြန်အစုန်အထူးရထားတစ်စင်းသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့ ပြေးဆွဲမည်ဖြစ်ပြီး ၆ ရက်မှ ၈ ရက်အထိ သင်္ကြန်အထူးရထား နှစ်စင်းသည် ရန်ကုန်ဘူတာနှင့် မန္တလေးဘူတာတို့မှ တစ်နေ့လျှင် အစုန်တစ်စင်း၊ အဆန်တစ်စင်းပြေးဆွဲပေးမည် ဖြစ်သည်။

ရန်ကုန်-မန္တလေးအဆန်အထူးရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ မန္တလေးဘူတာသို့ နောက်တစ်နေ့ နံနက် ၈ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်မည်ဖြစ်ပြီး မန္တလေး-ရန်ကုန်အစုန်အထူးရထားသည် မန္တလေးဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် ဆိုက်ရောက်မည်ဖြစ်သည်။

ထို့ပြင် သင်္ကြန်ကာလအတွင်း နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများ အပါအဝင် ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ရှိနေပြည်တော်-ရန်ကုန်ပြေးဆွဲနေသော အမှတ်(၃၂)အစုန်၊ အမှတ်(၈)အစုန် အမြန်ရထားနှစ်စင်းအပြင် အဆိုပါအထူးရထားနှစ်စင်းကို ဧပြီ ၁၀ ရက်တွင် နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ရာ အစုန်အထူးရထား(၁)သည် နေပြည်တော်မှ ည ၇ နာရီခွဲတွင် ထွက်ခွာ၍ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၅ နာရီတွင် ရောက်ရှိမည်ဖြစ်ပြီး အစုန်အထူးရထား(၂)သည် နေပြည်တော်မှ ည ၈ နာရီခွဲတွင် ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၆ နာရီတွင် ရောက်ရှိမည်ဖြစ်သည်။

သင်္ကြန်အလွန်ကာလအတွက် ဧပြီ ၁၈ ရက်တွင် အထူးရထားတစ်စင်းသည် ရန်ကုန်ဘူတာမှ မန္တလေးဘူတာသို့ လည်းကောင်း၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အထူးရထားနှစ်စင်းသည် ရန်ကုန်ဘူတာနှင့် မန္တလေးဘူတာတို့မှလည်းကောင်း၊ ၂၁ ရက်တွင် အထူးရထားတစ်စင်းသည် မန္တလေးဘူတာမှ ရန်ကုန်ဘူတာသို့လည်းကောင်း အထက်ဖော်ပြပါ ရန်ကုန်နှင့်မန္တလေးမှထွက်ခွာမည့် အချိန်များအတိုင်း ပြေးဆွဲသွားမည် ဖြစ်သည်။

အလားတူ နေပြည်တော်မှ ဝန်ထမ်းများနှင့် မိသားစုများအပါအဝင် ခရီးသွားပြည်သူများအတွက် ရန်ကုန်မှနေပြည်တော်ခရီးစဉ်အဖြစ် လက်ရှိအမှတ်(၃၁)အဆန်၊ အမှတ်(၇)အဆန် အမြန်ရထားနှစ်စင်းအပြင် နောက်ထပ် အထူးရထားနှစ်စင်းကို ၂၂ ရက်တွင် ပြေးဆွဲပေးမည်ဖြစ်ရာ အဆန်အထူးရထား(၁)သည် ရန်ကုန်မှ ည ၇ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၄ နာရီခွဲတွင်လည်းကောင်း၊ အဆန်အထူးရထား(၂)သည် ရန်ကုန်မှ ည ၈ နာရီတွင် ထွက်ခွာ၍ နေပြည်တော်သို့ နောက်တစ်နေ့နံနက် ၅ နာရီခွဲတွင်လည်းကောင်း ရောက်ရှိမည်ဖြစ်သည်။

အထက်ပါ ရန်ကုန်-မန္တလေး သင်္ကြန်အထူး(အစုန်/အဆန်)ရထားများကို ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်ဘူတာများတွင် ရပ်တန့်ပေးမည်ဖြစ်ပြီး နေပြည်တော်-ရန်ကုန် အထူး(အစုန်/အဆန်)ရထားများကို တောင်ငူ၊ ပဲခူး၊ တိုးကြောင်ကလေး ဘူတာများတွင်သာ ရပ်တန့်သွားမည်ဖြစ်သည်။ သင်္ကြန်ကာလအတွင်း ဧပြီ ၁၁ ရက်မှ ၁၇ ရက်အထိ အဆိုပါအထူးရထားများပြေးဆွဲခြင်းကိုရပ်နားထားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ ကြိုတင်အသိပေး ကြေညာထားသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်အမျိုးအစားအလိုက် မူလတန်ဖိုးအပေါ်မှတ်ပုံတင်ခများ နှုန်းထားသတ်မှတ်

နေပြည်တော် ဧပြီ ၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် နိုင်ငံတော်အတွင်းသို့တင်သွင်းလာသော မော်တော်ယာဉ်များကို ချောမွေ့စွာအသုံးပြုရန်နှင့် လမ်းအန္တရာယ်ကင်းရှင်းမှု(Road Safety) ရှိစေရန် ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ ၃၊ မော်တော်ယာဉ်နည်းဥပဒေများ၏ နည်းဥပဒေ ၂၂ (က)နှင့် ၂၁၄(ခ)တို့အရ မော်တော်ယာဉ်အမျိုးအစားအလိုက် မူလတန်ဖိုးအပေါ် မှတ်ပုံတင်ခကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသော နှုန်းထားများအတိုင်း သတ်မှတ်လိုက်ကြောင်း သိရှိရသည်-

(က)	ကုန်တင်ယာဉ်များ (Light Truck, Truck, Dumper,Tanker, Refrigerated Van, Box Truck, Crane Truck, Logging Truck, Container Carrier Truck, Tractor Head)	(၅)ရာခိုင်နှုန်း
(ခ)	ခရီးသည်တင်ယာဉ်(ဘတ်စ်) [ယာဉ်မောင်း အပါအဝင် (၁၅) ဦးနှင့်အထက်]	(၅)ရာခိုင်နှုန်း
(ဂ)	လူစီးယာဉ်(Saloon,Jeep,Station Wagon, Pickup,Micro bus, Van, MPV,SUV	
	(၁) စက်စွမ်းအား ၁၃၅၀စီစီနှင့်အောက်	(၅၀)ရာခိုင်နှုန်း
	(၂) စက်စွမ်းအား ၁၃၅၁စီစီမှ၂၀၀၀စီစီအထိ	(၈၀)ရာခိုင်နှုန်း
	(၃) စက်စွမ်းအား ၂၀၀၁စီစီမှ ၅၀၀၀စီစီအထိ	(၁၀၀)ရာခိုင်နှုန်း
	(၄) စက်စွမ်းအား ၅၀၀၁စီစီနှင့်အထက်	(၁၂၀)ရာခိုင်နှုန်း

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်လှူဒါန်းပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဘုရားကုန်းကျေးရွာ စာပေဥယျာဉ် စာကြည့်တိုက်အနီး ဆုတောင်းပြည့်ကျောင်း၌ မတ် ၂၃ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းက အမှာစကား ပြောကြားစဉ်။ (မြန်မာ့အလင်း)

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန်အတွက် တည်ဆောက်ပေးထားသော ပိုင်ကျုံရေထိန်းတံခါးနှင့် ခပေါင်းရေလွှဲဆည်

ခပေါင်းရေလွှဲဆည်

- ＊ ခပေါင်းရေလွှဲဆည်မှာ သံကူကွန်ကရစ်အမျိုးအစားဖြစ်ပြီး အမြင့် ၂၅ ပေ၊ အကျယ် ပေ ၁၅၀ ရှိသည်။
- ＊ လက်ယာတူးမြောင်းမကြီး အလျားမှာ ၁၄ ဒသမ ၄၀ မိုင်၊ လက်ဝဲတူးမြောင်းမကြီး၏ အလျားမှာ ၁၅ ဒသမ ၅၀ မိုင်ဖြစ်၍ စုစုပေါင်းအလျား ၂၉ ဒသမ ၉၀ မိုင်ရှိသည်။
- ＊ တောင်ငူမြို့နယ်မှ လယ်မြေဧက ၄၀၀၀၀ နှင့် အုတ်တွင်းမြို့နယ်မှ လယ်မြေဧက ၆၀၀၀၀ စုစုပေါင်းလယ်မြေဧက ၁၀၀၀၀၀ အား အကျိုးပြုသည်။



ခပေါင်းရေလွှဲဆည် ရေသိုလှောင်ထားရှိမှုကို တွေ့ရစဉ်။


ခပေါင်းရေလွှဲဆည်ကို တွေ့ရစဉ်။

ပဲခူးမြစ်ဝနှင့် ပိုင်ကျုံချောင်းမှ စီးရေကို စိုက်ပျိုးရေးအတွက် အထောက်အကူပြုရန် ပိုင်ကျုံရေထိန်းတံခါးက ဖော်ဆောင်ပေးသည်။

သတင်းမှတ်စု – မောင်ငြိမ်းအေး

ပိုင်ကျုံရေထိန်းတံခါး

- ＊ ရေထိန်းတံခါးရွက်မှာ (၆ × ၁၂ = ၇၂) ပေါက်ရှိသည်။
- ＊ ရေသွယ်မြောင်းအလျားနှင့် ရေခေါ်မြောင်း ပေ ၁၇၀၀၀ ရှိသည်။
- ＊ ရေနုတ်မြောင်းမှာ ပေ ၈၅၀ ရှိသည်။
- ＊ ဤရေထိန်းတံခါးကြီး တည်ဆောက်လိုက်ခြင်းဖြင့် လယ်ယာမြေဧက ၃၀၀၀၀ ကျော်ကို အကျိုးပြုနိုင်သည်။
- ＊ ပိုင်ကျုံရေထိန်းတံခါးကို ပိုင်ကျုံချောင်းဝနှင့် ပဲခူးမြစ်ဆုံတွင် တည်ဆောက်ထားသည်။

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၃၀၀၀၀ ကျော် စိုက်ပျိုးရေရရှိရေးအတွက် တည်ဆောက်ပေးထားသော ပိုင်ကျုံရေထိန်းတံခါး။

4-4 (09).pmd 1 4/4/2012, 2:56 AM

မော်လမြိုင်ဆန်လှူအသင်း၏ နှစ်(၃၀)ပြည့် နာယကဆရာတော်ကြီးများ ပူဇော်ပွဲနှင့် စာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၃

မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်ဆန်လှူအသင်း၏ နှစ်(၃၀)ပြည့် နာယကဆရာတော်ကြီးများ ပူဇော်ပွဲနှင့် မြို့နယ် စာသင်တိုက်များသို့ ဆန်၊ ဆီ၊ ဆား လှူဒါန်းပွဲကို မတ် ၃၁ ရက် နံနက် ၈ နာရီတွင် အောက်ကျင်းရပ်ကွက် ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ကတိုးမဟာရင် ကျောင်းဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအာဒိစ္စထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများက နာယက ဆရာတော်ကြီး ၁၇ ပါးတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များက ကျောင်းပေါင်း ၃၆၀ မှ သံဃာ ၇၉၄၈ ပါးနှင့် သီလရှင် ၉၂၃ ပါးတို့အား စုစုပေါင်းငွေကျပ်သိန်း ၁၃၀ ကျော် တန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ ပဲငံပြာရည်စသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြသည်။

ကြည့်ရှုကြည်ညို

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပလျက်ရှိသည့် ၂၀၁၂ ခုနှစ် အစိုးရပထမပြန်နှင့် ဓမ္မာစရိယစာမေးပွဲတွင် ကြီးကြပ်ရေးဆရာတော်များအဖြစ် ဆောင်ရွက်တော်မူကြသော သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းပြီး စာဖြေသံဃာတော်များ၏ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုကြည်ညိုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရိုးရာစွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် အဌမအကြိမ် မြန်မာ့ရိုးရာ စွန်အလှနှင့် စွန်ဖြတ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျိုက္ကဆံ အားကစားကွင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ပြိုင်ပွဲကို ဧပြီ ၈ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ကျန်းမာရေးသုတ

မိုးမြင့်လင်းလက် - ရေးသားသည်

အဝလွန်မှုနှင့် ကျောက်ကပ်ကင်ဆာဖြစ်ပွားမှုဆက်စပ်နေ

အဝလွန်မှုနှင့် ကျောက်ကပ် ကင်ဆာ ဖြစ်ပွားမှုမှာ ဆက်စပ်လျက်ရှိပြီး ကျောက်ကပ်ကင်ဆာ ဖြစ်ပွားမှု၏ အဓိက အချက်တစ်ရပ်မှာ အဝလွန်မှုကြောင့် ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဗြိတိန်ကျန်းမာရေးသုတေသနပညာရှင်များက ဧပြီ ၁ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ကျောက်ကပ်ကင်ဆာဖြစ်ပွားသူများကို သုတေသနပြုခဲ့ရာ ၇၀ ရာခိုင်နှုန်းမှာ အဝလွန်မှုကြောင့် ဖြစ်ပြီး ၅၀ ရာခိုင်နှုန်းမှာ ဆေးလိပ်သောက်သူများ ဖြစ်နေကြကြောင်းတွေ့ရှိရသည်ဟု ၎င်းတို့ကပြောကြားသည်။ အဝလွန်မှုကြောင့် ကျောက်ကပ်ကင်ဆာ ဖြစ်ပွားလေ့ရှိသည်ကို လူအနည်းငယ်သာ သိရှိကြသေးကြောင်း၊ ဆီးအတွင်းသွေးအနည်းငယ်မျှပါရှိလျှင် ကျောက်ကပ်ကင်ဆာအတွက် စစ်ဆေးကုသသင့်ကြောင်း သိရသည်။

ထိခိုက်စေ

အဝလွန်မှုကြောင့် ရင်သားကင်ဆာ၊ အူကင်ဆာနှင့်သားအိမ်ကင်ဆာတို့လည်း ဖြစ်ပွားတတ်လေ့ရှိကြောင်း၊ အဝလွန်မှုကြောင့် ခန္ဓာကိုယ်အတွင်း ဟော်မုန်းဓာတ်မြင့်မားစေရာ ကျောက်ကပ်လုပ်ငန်းစဉ်များကို ထိခိုက်စေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထို့ကြောင့် ကျောက်ကပ်ကင်ဆာရောဂါ မဖြစ်ပွားစေရန် ဆေးလိပ်သောက်ခြင်းနှင့်အဝလွန်မှုကို လျှော့ချခြင်းတို့ ပြုလုပ်ပေးသင့်ကြောင်း ဗြိတိန်နိုင်ငံ ကိန်းဘရစ်တက္ကသိုလ် အခြေစိုက် ကင်ဆာသုတေသနဌာနမှ ပါမောက္ခတမ်အီဆင်က ပြောကြားသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဧပြီ ၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပမည် ဖြစ်သည်။

နှစ်ပတ်လည်အစည်းအဝေးသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ အသင်းဝင်လုပ်ငန်းရှင်များ၊ ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၊ အအေးခန်းစက်ရုံနှင့် ပြည်ပပို့ကုန်လုပ်ငန်းရှင်များ၊ ငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများ၊ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များ၊ ကဏန်း လုပ်ငန်းရှင်များ၊ ငါးရှဉ့်လုပ်ငန်းရှင်များ၊ အလှမွေးငါးလုပ်ငန်းရှင်များ၊ ပညာရှင်များ၊ လုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များအား ဖိတ်ကြားထားသည်။ အဖွဲ့ချုပ်၏ အသင်းဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ကြရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

လိုအပ်လာပါက ဒီထက်ပိုမိုတိုးမြှင့်ပြေးဆွဲသွားမည်ဖြစ်ကြောင်း" ဗန္ဓုလသယ်ယူပို့ဆောင်ရေးမှ မန်နေဂျင်း ဒါရိုက်တာ ဦးမျိုးမြင့်က မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

i Pay Card များ ရောင်းချခြင်းနှင့် အသုံးပြုပုံများကို ယနေ့နှင့် ရက်အတိုင်းအတာတစ်ခုအထိ ကုမ္ပဏီဝန်ထမ်းများက ယာဉ်များပေါ်တွင် လိုက်ပါကူညီဆောင်ရွက်ပေးသွားကြမည်ဖြစ်ပြီး နောက်ပိုင်းတွင် ယာဉ်နောက်လိုက်များက ကိုယ်တိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြောကြား

သည့်နောက်တွင် Card များကို အရောင်းစင်တာများ၌ ဝယ်ယူခြင်း၊ ငွေဖြည့်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုအခါ၌ Card ဖြင့် ယာဉ်စီးခအများဆုံးကို ရှာဖွေပေးနိုင်သည့် ယာဉ်အဖွဲ့အားလည်းကောင်း၊ Card ဖြင့် အများဆုံးစီးနိုင်သည့် ခရီးသည်တစ်ဦးကိုလည်းကောင်း ငွေကျပ် ၁၀၀၀၀၀ စီကို အမှတ်တရချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ကုမ္ပဏီမှ Project Manager ဦးအောင်ကျော်က မြန်မာ့အလင်းသတင်းအဖွဲ့ကို ပြောကြားခဲ့သည်။ **(မြန်မာ့အလင်း)**

ဧပြီ ၂ ရက်က အမက(၄) ကမာရွတ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာသင်တန်းသို့ တာဝန်ရှိသူများက စာအုပ်များ လာရောက်လှူဒါန်းစဉ်။ (၁၆၇)

ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

နေပြည်တော် ဧပြီ ၃

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းနှင့် ကျေးရွာဒေသခံပြည်သူများ ပူးပေါင်းဆောက်လုပ်သည့် ဖလမ်းမြို့နယ် တလန်းဇာရ်ကျေးရွာ လျန်ဝုန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဦးကပ္ပတီအယ်လ်၊ ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဖလမ်းခရိုင် ဦးစီးအရာရှိ ဦးမန်းစိန်တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **(ဝဲပုံ)**

ဆောက်လုပ်ခဲ့

အဆိုပါစာကြည့်တိုက်မှာ အလျား ၂၄ ပေ၊ အနံ ၁၄ ပေရှိ ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးဖြစ်ပြီး ငွေကျပ် ၂၅ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့စီးပွားရေးဘဏ် နှစ်ပတ်လည်နေ့အခမ်းအနား စစ်တွေမြို့၌ ကျင်းပ

စစ်တွေ ဧပြီ ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် (၃၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ဧပြီ ၁ ရက် နံနက် ၇ နာရီက မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်ရုံးခန်းမ၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီး ဦးစိုးအေး၊ စီမံကိန်းနှင့်စီးပွားရေး ဝန်ကြီး ဦးမြအောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးထွန်းစံအောင်၊ မြန်မာ့စီးပွားရေးဘဏ် ရခိုင်ပြည်နယ် ဘဏ်မန်နေဂျာ ဦးမောင်အေးသာ၊ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာ ဦးဘကျော်တင်နှင့် ပြည်နယ်၊ ခရိုင် မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဓမ္မသုခ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးစိုးအေး၊ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်မန်နေဂျာ ဦးမောင်အေးသာနှင့် ရခိုင်ဘဏ်မန်နေဂျာ ဦးဘကျော်တင်တို့က ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ်မြန်မာ့စီးပွားရေးဘဏ်)**

မြန်မာ့အလင်း နည်းပညာသိပ္ပံ

မောင်မောင်မြင့်ဆွေ - ရေးသားသည်

သတင်းထောက်စက်ရုပ်ထုတ်လုပ်

အမေရိကန်သုတေသနပညာရှင်များက သတင်းထောက်လှမ်းနိုင်သော စက်ရုပ်ကို တီထွင်ထုတ်လုပ်လိုက်ကြောင်း မက်ဆာချူးဆက်ပြည်နယ်ရှိ ဘော်စတွန် ဒိုင်နမစ် ကုမ္ပဏီက ဧပြီ ၃ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အဆိုပါစက်ရုပ်၌ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရိုက်ယူနိုင်သော ကင်မရာများတပ်ဆင်ထားပြီး အထပ်မြင့် အဆောက်အအုံများ၏ ပေ ၃၀ မြင့်သော ဒုတိယထပ်ပြတင်းပေါက်နှင့် အိမ်ရှေ့ဝရန်တာများသို့ အလိုအလျောက်ခုန်တက်နိုင်အောင် ပြုလုပ်ထားသည်။

ထို့အတူ အဆောက်အအုံဒုတိယအထပ်မှ မြေပြင်သို့လည်း ခုန်ဆင်းနိုင်ပြီး ထိုသို့အပေါ်အောက်ခုန်တက် ခုန်ဆင်းမှုကို အကြိမ်ပေါင်း ၂၅ ကြိမ်ခန့် ဆက်တိုက်လုပ်ဆောင်နိုင်သည့် စက်ရုပ်လည်းဖြစ်သည်။

အဆိုပါစက်ရုပ်ကို ရေဒီယိုလှိုင်းအသုံးပြုထိန်းချုပ်ရေးစနစ်ဖြင့် အသုံးပြုနိုင်ပြီး မတ်တတ်ရပ်ခြင်း၊ လှုပ်ရှားမှုရပ်တန့်ခြင်းနှင့် သတင်းထောက်လှမ်းရယူမှုများကို အဝေးထိန်းစနစ်ဖြင့် သတင်းဓာတ်ပုံအချက်အလက်များကို ရယူနိုင်စွမ်းရှိသည်။

နောက်ဆုံးပေါ်အိုင်တီနည်းပညာများထည့်သွင်းထားသဖြင့် ဘေးအန္တရာယ်များသော နေရာဒေသများတွင်သတင်းရယူရာ၌ အန္တရာယ်ကင်းစွာ လှုပ်ရှားနိုင်သောစက်ရုပ်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အသက်ကယ်အောက်ဆီဂျင်ဘူးများ ရပ်စောက်မြို့နယ်ရှိ တိုက်နယ်ဆေးရုံအတွက်လှူဒါန်း

ရန်ကုန် ဧပြီ ၃

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်မှုတစ်ရပ်အဖြစ် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ကျိုင်းခမ်းကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံတွင် အသုံးပြုရန် အသက်ကယ် အောက်ဆီဂျင်ဘူးများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မတ် ၂၇ ရက် ၉ နာရီခွဲက ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာန (၁၈)မိုင် သစ်တောစခန်း၌ ကျင်းပရာ ရပ်စောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်၊ ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခိုင်ညွှန့်နှင့် မြို့နယ်သစ်တောဝန်ထမ်းများ၊ ကျိုင်းခမ်းကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများ၊ ကျိုင်းခမ်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခွန်စိုးလွင်က အမှာစကားပြောကြားပြီး ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ညွှန့်က လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးခိုင်ညွှန့်က ကျိုင်းခမ်းကျေးရွာ တိုက်နယ်ဆေးရုံ တာဝန်ကျသူနာပြုဆရာမများနှင့် ကျေးရွာရပ်မိရပ်ဖ ဦးစိုင်းလုံထံသို့ အသက်ကယ်အောက်ဆီဂျင်ဘူး သုံးဘူးကို ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါ အသက်ကယ်အောက်ဆီဂျင်ဘူးများကို ရပ်စောက်မြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်သစ်စက် လုပ်ငန်းရှင်များ၏ စေတနာအလျောက် ထည့်ဝင်လှူဒါန်းငွေဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ပြီး စုစုပေါင်းတန်ဖိုးငွေကျပ် သုံးသိန်းကိုးသောင်း ဖြစ်ကြောင်း သိရှိရသည်။ **(၀၀၁)**

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း မန်စီ၌ အသိပညာပေးဆွေးနွေး

မန်စီ ဧပြီ ၃

အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပညာပေးဆွေးနွေးခြင်းအခမ်းအနားကို မန်စီမြို့နယ် ပြည်သူ့ဆေးရုံတွင် မတ် ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမေသက်နွယ်က မြန်မာနိုင်ငံတွင် လက်ရှိ ဝက်သက်ရောဂါနှင့်ပတ်သက်သည့်အခြေအနေနှင့် လုပ်ငန်းစုများအကြောင်း၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ဘောက်ရာက သတင်းပေးခြင်း၊ ပညာပေးခြင်း၊ ဆက်သွယ်မှုအစီအစဉ်၊ မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်မေရီက ဝက်သက်ရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

4-4 (10).pmd 1 4/4/2012, 3:27 AM

နိုင်ငံတကာအားကစား နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ - စုစည်းသည်

မန်ယူတို့ နောက်ကျဂိုးများဖြင့် နိုင်ပွဲရ ဒုတိယနေရာမှ မန်စီးတီးကို ငါးမှတ်ဖြတ်ထားနိုင်ပြီ



လန်ဒန် ဧပြီ ၃

ပရီမီယာလိဂ်ပွဲစဉ် (၃၁) နောက်ဆုံးလက်ကျန်ပွဲအဖြစ် ဘလက်ဘန်းနှင့် မန်ယူတို့ ဧပြီ ၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မန်ယူက အဝေးကွင်း၌ နောက်ကျဂိုးများသွင်းယူပြီး နှစ်ဂိုးပြတ်ဖြင့် အနိုင်ရကာ ပရီမီယာလိဂ်တန်းစီဇယားကို ဒုတိယနေရာမှ မန်စီးတီးနှင့် ပွဲတူငါးမှတ်အသာဖြင့် ထိပ်ဆုံးမှ ပြတ်ပြတ်သားသား ဦးဆောင်နိုင်လျက်ရှိသည်။ (ဝဲပုံ)

ဂိုးမသွင်းနိုင်

ဘလက်ဘန်းတို့အိမ်ကွင်း၌ ရဲရဲတင်းတင်းကစားပြီး မန်ယူတိုက်စစ်ကို ဟန့်တားကာ အနိုင်ဂိုးများ သွင်းယူနိုင်ရေး ကြိုးစားခဲ့သော်လည်း အဆုံးသတ်မသေချာမှုများကြောင့် ချေပဂိုးတစ်ဂိုးမျှ မသွင်းနိုင်ခဲ့ခြင်း ဖြစ်သည်။ မန်ယူတို့ကလည်း ယခုနှစ် ပရီမီယာလိဂ်ဖလားတစ်လုံးသာ မျှော်လင့်ချက်ရှိနေရာ အရယူနိုင်ရေးအတွက် နိုင်ပွဲများ ဆက်တိုက်လိုအပ်နေသဖြင့် ဂိုးသွင်းနိုင်ရေး ကြိုးစားခဲ့သော်လည်း ပထမပိုင်း၌ ဂိုးမသွင်းနိုင်ခဲ့ချေ။ ဘလက်ဘန်းတို့က မန်ယူကစားကွက်ကို စာမျက်နှာ ၆ ကော်လံ ၁ ●

၂၀၁၄ ကမ္ဘာ့ဖလားပွဲ ဘရာဇီး ဗိုလ်စွဲနိုင်ဟု နည်းပြဟောင်း ပရဲယား ပြောကြား

ရီယိုဒီဂျနေးရိုး ဧပြီ ၃

ဘရာဇီး နိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင် ဘရာဇီးဘောလုံးအသင်း ဗိုလ်စွဲနိုင်မည်ဖြစ်ကြောင်း ဘရာဇီးအသင်း နည်းပြဟောင်း ကားလို့စ်အယ်ဘာတိုပရဲယားက(အပေါ်ပုံ) ဧပြီ ၃ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားလိုက်သည်။

သို့သော် ဘရာဇီးအသင်းသည် ပြင်ဆင်မှုနှင့် လေ့ကျင့်မှုများလိုအပ်နေဆဲဖြစ်ကြောင်း၊ ဘရာဇီးဘောလုံးအသင်း အောင်မြင်မှုရနိုင်သည့် ခြေစွမ်းနှင့် အခွင့်အရေးများရှိနေကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ ■

မြန်မာ့အလင်း သင်္ကြန်မြင်ကွင်း သတင်းပဒေသာ

ခင်ရတနာ - ရေးသားသည်

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် အသွင်သစ်များဖြင့် မြင်တွေ့ရမည်

ရန်ကုန် ဧပြီ ၃

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန် ရေကစားမဏ္ဍပ်ကို ယခင်နှစ်များနှင့်မတူဘဲ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရ အပြည့်အဝခံစားနိုင်ရန် ထူးခြားဆန်းသစ်ထားကြောင်း သိရှိရသည်။

"ဒီနှစ်ကတော့ မဏ္ဍပ်အသွင်အပြင်ဒီဇိုင်းကအစ အရင်နှစ်တွေနဲ့ မတူဘဲ တစ်မူထူးစေဖို့အတွက် စာမျက်နှာ ၆ ကော်လံ ၄ ◆

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ် ဆောက်လုပ်မှုမြင်ကွင်းကို ဧပြီ ၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံတင်စိုး-မြန်မာ့အလင်း)

ရန်ကုန်သင်္ကြန်မဏ္ဍပ်များ စတင်တည်ဆောက်နေပြီ

ရန်ကုန် ဧပြီ ၃

ယခုနှစ် ရန်ကုန်သင်္ကြန်အတွက် မဏ္ဍပ် လျှောက်ထားကြရာ၌ မဏ္ဍပ်ကြီးများ လျှောက်ထားမှုများပြားလျက်ရှိကာ မဏ္ဍပ်အလတ်နှင့် အငယ်များ ဆောက်လုပ်ရန် လျှောက်ထားမှု နည်းပါးလျက်ရှိနေသေးကြောင်း သိရှိရသည်။

"မဏ္ဍပ်တွေ စပြီးလျှောက်နေကြပြီ။ မြို့တော်ဝန်မဏ္ဍပ်အပြင် ကမ္ဘာအေးဘုရားလမ်းမှာဆို နှစ်ခုလောက်တောင် ဆောက်နေကြပြီ။ မဏ္ဍပ်ကြီးကတော့ အခုလက်ရှိမှာ ၄၄ ခုကို ခွင့်ပြုထားပြီးပြီ။ အားလုံးမဏ္ဍပ်ကြီးတွေပေါ့။ လာလျှောက်တာတော့ ၆၀ နီးပါးရှိတယ်။ ထပ်ပြီးချထားပေးဖို့တော့ ရှိတယ်။ သေချာစိစစ်ပြီးတော့ လျှောက်ထားမှုတွေကို လက်ခံပေးမယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မဏ္ဍပ်များကို အရွယ်အစားအရ သုံးမျိုးခွဲခြားထားပြီး မျက်နှာဖွင့်အကျယ် ပေ ၅၀ အထက် မဏ္ဍပ်များကို မဏ္ဍပ်ကြီးအဖြစ် သတ်မှတ်ထားပြီး ၂၅ ပေမှ ပေ ၅၀အတွင်း မဏ္ဍပ်များကို မဏ္ဍပ်လတ်အဖြစ် သတ်မှတ်ပြီး ၂၅ ပေ အောက် စာမျက်နှာ ၆ ကော်လံ ၃ ❖

မြန်မာ့အလင်း နိုင်ငံတကာအနုပညာ

မိုးမြင့်လင်းလက် - စုစည်းသည်

ကိုရီးယားရုပ်ရှင်မင်းသမီး ဟာဂျီဝမ်

ကိုရီးယားမင်းသမီး ဟာဂျီဝမ် ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးသဖြင့် မကြာမီ ထုတ်လွှင့်ပြသမည်

ဆိုးလ် ဧပြီ ၃

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး ဟာဂျီဝမ်သည် ကေဘီအက်စ်ရုပ်မြင်သံကြားလိုင်းမှ ရိုက်ကူးသည့် Seung Seung Jang Goo အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးမှု ပြီးစီးသွားပြီဖြစ်ရာ မကြာမီထုတ်လွှင့်ပြသတော့မည်ဖြစ်ကြောင်း ဧပြီ ၃ ရက်က သတင်းထုတ်ပြန်သည်။

ယင်းရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးသွားပြီးနောက် ရုပ်ရှင်မင်းသမီး ဟာဂျီဝမ်က မိမိတွင် ချစ်သူရှိနေပြီဖြစ်ကြောင်း ပရိသတ်များအား တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ မိမိချစ်သူကို မကြာမီရက်အတွင်း အသိပေးမည်ဖြစ်ကြောင်း၊ ရုပ်ရှင်မင်းသားတစ်ဦးဖြစ်ကြောင်း ၎င်းကဆို၏။

မိမိအနေဖြင့် မိမိချစ်သူအား ယခုရက်ပိုင်းအတွင်း မိဘများနှင့်တွေ့ဆုံ မိတ်ဆက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့နှစ်ဦးသည် အထက်တန်းကျောင်းသားဘဝကတည်းက တွေ့ဆုံကာ ချစ်ကျွမ်းဝင်ခဲ့သူများဖြစ်ကြောင်း ရုပ်ရှင်မင်းသမီးဟာဂျီဝမ်က ပြောကြားသည်။ မိမိတို့ချစ်သူနှစ်ဦးသည် အနုပညာအလုပ်များကို လက်တွဲလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်စီကာ အယ်လ်ဘာ ဇာတ်ကားသစ် ရိုက်ကူးမည်

လော့စ်အိန်ဂျလိစ် ဧပြီ ၃

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ**(ယာပုံ)**သည် သူမ၏ A.C.O.D အမည်ရှိ ရုပ်ရှင်ကားသစ်တွင် ပါဝင်သရုပ်ဆောင်ရန် လော့စ်အိန်ဂျလိစ်မြို့သို့ ရောက်ရှိလာခဲ့ကြောင်း ဧပြီ ၃ ရက်၌ သတင်းထုတ်ပြန်သည်။

ယင်းဇာတ်ကားတွင် ဒုစရိုက်လောကအတွင်းဝင်ရောက်ကာ ရာဇဝတ်မှုများကို တစ်ကိုယ်တော်အစွမ်းဖြင့် နှိမ်နင်းသည့် ဇာတ်ဝင်ခန်းများတွင် သရုပ်ဆောင်ရမည်ဖြစ်သည်။ ယခုဇာတ်ကားတွင် ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ၏ အက်ရှင်များကို ထူးခြားစွာ ရိုက်ကူးတင်ပြမည်ဖြစ်သည်။

အသက် ၃၀ အရွယ်ရှိပြီး ကလေးနှစ်ဦး၏ မိခင်လည်းဖြစ်သော ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာသည် ပြီးခဲ့သည့်ရက်အနည်းငယ်ကပင် အမေရိကန်ဒေါ်လာ ၂၇ သန်း အကုန်အကျခံကာ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုကို ထူထောင်ခဲ့သည်။

၂၀၁၁ ခုနှစ်က ရုပ်ရှင်မင်းသမီး ဂျက်စီကာအယ်လ်ဘာ ပါဝင်သရုပ်ဆောင်ခဲ့သည့် Spy kids 4 ဇာတ်ကားမှာ ကမ္ဘာတစ်ဝန်းပရိသတ်အများအပြား နှစ်ခြိုက်အားပေးခြင်းခံရသည့် ဇာတ်ကားတစ်ကား ဖြစ်ခဲ့သည်။ ရုပ်ရှင်မင်းသမီး ဂျက်စီကာသည် စာမျက်နှာ ၆ ကော်လံ ၁ ✻

iPay Card စနစ်ဖြင့် ခရီးသွားလာမှုစတင်ပြီ

သတင်းနှင့်ဓာတ်ပုံ - သတင်းခရီးသည်တစ်ဦး

ရန်ကုန် ဧပြီ ၃

ဗန္ဓုလသယ်ယူပို့ဆောင်ရေးနှင့် ကစ္စပနဒီကုမ္ပဏီတို့ ပူးပေါင်းစီစဉ်မှုတစ်ရပ်အနေဖြင့် မြို့တွင်းသွားခရီးလိုင်းတစ်ခုဖြစ်သည့် ပါရမီယာဉ်လိုင်းမှ အဓိပတိအပြာလိုင်းကားများတွင် ငွေစက္ကူပေးရန်မလိုဘဲ iPay Card စနစ်ဖြင့် နိုင်ငံခြားစတိုင် ခရီးသွားခြင်း အဆင့်မြှင့်တင်မှုတစ်ရပ်ကို ဧပြီ ၂ ရက် နံနက်က စတင်လိုက်ပြီ ဖြစ်သည်။

ဖွင့်ပွဲကို တောင်ဥက္ကလာပမြို့နယ် ပါရမီယာဉ်လိုင်းဂိတ်ဝင်းအရှေ့၌ နံနက် ၈ နာရီခွဲက စတင်ကာ ယာဉ်လိုင်းကားများ စတင်လွှတ်ခြင်းဖြင့် ပြုလုပ်ခဲ့သည်။

"စမ်းသပ်ပြေးဆွဲမှုအနေဖြင့် အဓိပတိအပြာ (၁၀)စီးကို စတင်စမ်းသပ်လွှတ်ခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၁၀ ကော်လံ ၁ ▲

iPay Card ဖြင့် အသုံးပြုစီးနင်းနိုင်မည့် ပါရမီယာဉ်လိုင်းမှ အဓိပတိအပြာလိုင်းကားများကို တွေ့ရစဉ်။

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

လီဗာပူးစုစည်းမှုမရှိ၍ ရှုံးနိမ့် နည်းပြဒဲလ်ဂလစ်ရှ် ပြောဆို စာ-၅

အဆိုတော် ဓရင်ဒါလမ်းဘတ် ကန့်ထရီးဂီတဆုများ သိမ်းကျုံးယူ စာ-၅

မက်ဒေါ်နားရဲ့ အယ်လ်ဘမ်သစ် ရောင်းအားစံချိန်တင် စာ-၅